မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၁၂ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၈၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယ၌ သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယ၌ နှစ်နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုယိုနိုထံသို့ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးတည်ထောင်မှု အနှစ်(၆၀)ပြည့်မြောက်သည့် မင်္ဂလာရှိသော ဤအခါသမယတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ အဆွေတော်မှတစ်ဆင့် နွေးထွေးစွာ ဂုဏ်ပြုနှုတ်ခွန်းဆက်သအပ်ပါသည်။

တူညီသောသမိုင်းကြောင်း၊ တူညီသောမျှော်မှန်းချက်တို့ကြောင့် ကျွန်ုပ်တို့ နှစ်နိုင်ငံအကြားတွင် ခိုင်မာသောချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံစလုံး၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှ စတင်တည်ရှိခဲ့ပါသည်။ ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ဆက်ဆံမှုများသည် မြင့်မားလာသည့် ပူးပေါင်းဆောင်ရွက်မှု၊ လွတ်လပ်မျှတ၍ ကြားနေသည့် နိုင်ငံခြားရေးမူဝါဒကျင့်သုံးမှုကိုအခြေခံသည့် အမြင်တူညီမှုတို့ကြောင့် ပိုမိုခိုင်မြဲလာသကဲ့သို့ ကျွန်တော်တို့ နှစ်နိုင်ငံစလုံးကို ဘန်ဒေါင်းညီလာခံကြီးအား စတင်တည်ထောင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများ ဖြစ်လာစေခဲ့ပါသည်။ ထို့ပြင် အဆိုပါ ဘန်ဒေါင်းညီလာခံကြီးမှ မွေးဖွားပေးခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ ကနဦးအဖွဲ့ဝင်နိုင်ငံများအဖြစ်ကိုလည်း ခံယူရရှိစေခဲ့ကြောင်း သုံးသပ်မိပါသည်။

အဆိုပါ နီးကပ်သော ဆက်ဆံရေးအစဉ်အလာများ ဆက်လက်အခွန့်ရှည် ခိုင်မြဲစေရေးကို ရည်သန်၍ နှစ်နိုင်ငံပြည်သူများ၏ ကောင်းကျိုးကိုရှေးရှုကာ ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ထိန်းသိမ်းမြှင့်တင်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် ထပ်လောင်းဆန္ဒပြုအပ်ပါသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုယိုနိုထံမှ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယတွင် အဆွေတော်အား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းပို့သအပ်ပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်(၆)ခုအတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ခိုင်မာသည်ထက် ခိုင်မာလာလျက်ရှိရာ ဤအချက်ကို ယခုနှစ် မတ်လအတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်က ထင်ဟပ်ဖော်ပြနေပါသည်။

အမျိုးသားငြိမ်းချမ်းရေးနှင့် လုံခြုံရေးတိုးတက်စေရေးနှင့် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မိမိတို့အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အစဉ်ထောက်ခံသွားမည်ဖြစ်သည်ကို အခွင့်အခါကြုံခိုက် ပြောကြားလိုပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များကို အားလုံးပါဝင်ပြီး ရေရှည်တည်မြဲမည့် ယုံကြည်လက်ခံသော နည်းလမ်းဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်လိမ့်မည်ဟု ကျန်အာဆီယံအဖွဲ့ဝင်များနှင့်အတူ မိမိတို့အနေဖြင့် မျှော်လင့်ပါသည်။

သို့ပါ၍ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ဆက်လက်ထိတွေ့ဆောင်ရွက်သွားမည်ဟုကျွန်ုပ်မျှော်လင့်ပါသည်။ *စာမျက်နှာ ၈ ကော်လံ ၄* ❐

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းများကပ်လှူပူဇော်

နေပြည်တော် ဒီဇင်ဘာ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းများ ကပ်လှူပူဇော်သည်။

ကျိုက်ထီးရိုးစေတီတော်ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် *စာမျက်နှာ ၃ ကော်လံ ၁* ■

ရွှေသင်္ကန်း ကပ်လှူ ပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ရွှေသင်္ကန်း ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၇ ရက်)

နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲကာကွယ်စောင့်ရှောက်

ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့်အမျှ ဆေးသိပ္ပံပညာရပ်များ၊ စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်များသည် တိုးတက်ပြောင်းလဲလာခဲ့သည်။ ဆေးပညာနှင့် စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်များပေါင်းစပ်ပြီး အဏုမြူ၊ ဓာတု၊ ဇီဝလက်နက်များ ထုတ်လုပ်လာကြသည်။

ယင်းသို့ လက်နက်မျိုးနှင့် တိုက်ခိုက်မှုများသည် သားစဉ်မြေးဆက် လူမှုဒုက္ခအန္တရာယ်များ ကြုံတွေ့နိုင်သည့်အတွက် နိုင်ငံတကာက တားဆီးထိန်းချုပ်နိုင်ရန် စီမံဆောင်ရွက်နေရသော အချို့နေရာများတွင် ယင်းလက်နက်များကို အသုံးပြုလျက်ရှိသည်။

တပ်မတော်သားဆေးပညာရှင်များသည် ယင်းသို့သော အဏုမြူ၊ ဓာတု၊ ဇီဝလက်နက်များ၏ အကျိုးသက်ရောက်မှု အန္တရာယ်ကို သိရှိပြီး ကာကွယ်နိုင်ရန် နည်းလမ်းများ ကြိုတင်ရှာဖွေဖော်ထုတ်ထားမှသာ အန္တရာယ်ကြုံသည့်အခါ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

တိုးတက်ပြောင်းလဲနေသော ဆေးသိပ္ပံပညာရပ်များသာမက ဆက်စပ်နေသည့် စစ်ဘက်ဆိုင်ရာ ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရမည် ဖြစ်သည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်ဆိုသည့်အတိုင်း တပ်မတော်သားတိုင်းသည် ကျန်းမာရေးအသိရှိပြီး ကျန်းမာရေးသတိနှင့် နေထိုင်စားသောက်ကြမည်ဆိုလျှင် အနာရောဂါနှိပ်စက်မှုကြောင့် ဆုံးရှုံးမှုများကို ကြိုတင်တွက်ဆနိုင်မည် ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးကို တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားအားလုံးသည် အနာရောဂါကင်းရှင်းစွာနှင့် ကျန်းမာကြံ့ခိုင်ပြီး ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် ဆေးဘက်ဆိုင်ရာပညာရှင် တပ်မတော်သားများက ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။

တပ်မတော်သားများသည် လက်တွေ့ဘဝတွင် ကြုံတွေ့လာရသည့် အတွေ့အကြုံနှင့် လေ့လာသိရှိရသည့် ပညာရပ်များကို အချင်းချင်း နီးနှောဖလှယ်ပြီး တိုင်းပြည်နှင့် တပ်မတော်အတွက် အကျိုးရှိစွာအသုံးချနိုင်ရန် တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်လျက် ရှိပေသည်။

သို့ဖြစ်ပေရာ တိုးတက်ပြောင်းလဲလာသော ဆေးသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရမည်ဖြစ်ပြီး တိုင်းရင်းသားပြည်သူလူထုကို အလုပ်အကျွေးပြုနေသော တပ်မတော်သားများနှင့်အတူ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းလက်တွဲ၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝစဉ်ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရဲချုပ်ဒိုင်း မြန်မာ့သိုင်း၊ ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

အကြိမ် (၂၀)မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း မြန်မာ့သိုင်း၊ ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်နှင့်တိုင်း တပ်ရင်း၊ တပ်ဖွဲ့၊ သင်တန်းကျောင်းများမှ အုပ်ချုပ်သူနှင့် အားကစားသမား ၃၀၄ဦး တက်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် မြန်မာ့သိုင်းတံခွန်စိုက်ဒိုင်းဆုရ ရဲတပ်ရင်းများ ကွပ်ကဲမှုအသင်း၊ တိုက်ကွမ်ဒိုနှင့် ကရာတေးဒို တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းရဲတပ်ဖွဲ့အသင်းနှင့် တစ်ဦးချင်း ဆုရရှိကြသူများအား ရဲချုပ်၊ ရဲထောက်ချုပ်၊ ကွပ်ကဲရေးမှူး၊ မှုခင်းတပ်ဖွဲ့မှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိကြီးများက ဆုများပေးအပ် ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ယခုအလုပ် ယခုလုပ်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၆:၅၀ အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့် နီးဘုရား
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (မြို့မကျောင်း ဆရာကန်တော့ပွဲ)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၉)
၈:၃၀ Sports World (Sunday Special)
၈:၅၅ Activities in the City (ဆီးချိုသွေးချို သဘာဝ သိရှိနားလည် ကာကွယ်ကြ)
၉:၁၀ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၉:၃၅ Sunday Talk) [ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၁၀:၃၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အသည်းကွဲ တောင်တန်း)
၁၁:၀၀ ဖန်ခါးမြေမှ ရတနာ
၁၁:၂၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (မောင်သိန်းဝင်း၏ တေးများ)
၁၁:၄၀ ဗီဒီယိုပြခန်း
၁၂:၀၀ ရန်ကုန်မြင်ကွင်းကျယ် (မြို့မကျောင်း ဆရာကန်တော့ပွဲ)
၁၂:၂၅ အန္တေးထွေဆုံး လက်တစ်စုံ
၁၂:၄၅ Activities in the City (ဆီးချိုသွေးချို သဘာဝ သိရှိနားလည် ကာကွယ်ကြ)
၁:၀၀ **ယခုအလုပ် ယခုလုပ်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (အရပ်ပုတာကောင်းတယ်၊ အရပ်ရှည်တာကောင်းတယ်)
၃:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အသည်းကွဲ တောင်တန်း)
၄:၂၀ ဖန်ခါးမြေမှ ရတနာ
၄:၄၀ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၅:၀၅ Sports World (Sunday Special)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ခေတ်ပြိုင် ဂီတမှတ်တိုင်များ **(စိုးပိုင်)**
၇:၀၅ ဈေးဝယ်လမ်းညွှန် (Bewitch Fashion House)
၇:၃၀ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (အရပ်ပုတာကောင်းတယ်၊ အရပ်ရှည်တာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၉)
၁၀:၁၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (မောင်သိန်းဝင်း၏ တေးများ)
၁၀:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Aron Gold ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ)
၁၀:၂၅ Barclays Premier League (Hull Vs Man Utd)
၁၂:၀၅ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၁၂:၂၅ **မေတ္တာရောင်ပြန်** ဇေယျာ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည်၊ [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၁၂:၄၅ **ပူးပေါင်းဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ** (မြက်စားငါးကြင်းမွေးမြူ သားဖောက်ခြင်းလုပ်ငန်း)
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Arsenal- Aston Villa	ESPN(Live)
၁၀:၂၅	Hull City - Man Utd	ESPN (Live)

ရွှေအိုးကြီးစာကြည့်တိုက် အဆောက်အအုံ ပြည်ခရိုင်၌ ဖွင့်လှစ်

ရွှေတောင် ဒီဇင်ဘာ ၂၆

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် အိုးထိန်းကုန်းအုပ်စု အိုးထိန်းကုန်းကျေးရွာ ရွှေအိုးကြီးစာကြည့်တိုက် အဆောက်အအုံ သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၇ရက် နံနက် ၈နာရီခွဲက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ အကြိမ် (၂၀)မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း မြန်မာ့သိုင်း၊ ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လက်ခံယူ

အဆောက်အအုံသစ်ကို ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်ကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်က စာအုပ်မျိုးစုံ ၁၅၀၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်အောင်က စာအုပ်မျိုးစုံ၁၀၀နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်က စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် တစ်သောင်းတို့ကို ပေးအပ်ရာ အိုးထိန်း ကုန်းအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမြင့်တင်က လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်ကို အိုးထိန်းကုန်းကျေးရွာ ရွှေအိုးကြီး ဆန်စက်ပိုင်ရှင် ဦးအောင်ကျော်မိုး- ဒေါ်သင်းသင်းဦး၊ ဦးဇော်လွင်-ဒေါ်စိုးစိုးမိသားစုတို့က ငွေကျပ် ၁၀သိန်း မတည်ဆောက်လုပ်လှူဒါန်းခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မကွေး တိုင်းရင်းဆေးရုံကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

မကွေး ဒီဇင်ဘာ ၂၆

မကွေးတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာန မကွေးတိုင်းရင်းဆေးရုံ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၉ရက် မွန်းလွဲ ၂နာရီက တိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းရင်းဆေးရုံကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဝိုင်းဝန်းဆွေးနွေး

အစည်းအဝေးတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) တိုင်းရင်းဆေးရုံကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်လှိုင်က အမှာစကား ပြောကြားပြီး တိုင်းရင်းဆေးရုံအုပ် ဦးအောင်စိုးက ဆေးရုံအတွင်း အပြင် ဆေးသုတ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဦးစီးဌာနမှူး ဒေါ်ကြူကြူက လိုအပ်သည်များကို ဖြည့်စွက်တင်ပြပြီး တက်ရောက်လာကြသည့် ကြီးကြပ်ရေးအဖွဲ့ဝင်များက ဝိုင်းဝန်း ဆွေးနွေးကြသည်။ (တိုင်းရင်းဆေးရုံ)

မြဝတီရုပ်မြင်သံကြား

၂၇-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေး တေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၁၀)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ ဆွဲအား** (အပိုင်း-၅၄)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၀။ လျှပ်တစ်ပြက်
၆:၃၀ ၁၁။ ဘဝကြေးမုံ
၆:၄၅ ၁၂။ ဂင်းနက်စ်စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၂)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေး တေးကဗျာ
၁၈။ ကျန်းမာသုတ
၁၉။ ပဟေဠိနန်းတော်
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၁၅)

ရှေ့ဖုံးမှ

ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက်

နံနက် ၁၁ နာရီ မိနစ် ၂၀တွင် ရဟတ်ယာဉ်များဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ရောက်ရှိကြသည်။ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တောက်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော်ဂေါပက အဖွဲ့ဝင်များက ကြိုဆိုကြသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် စေတီတော်သို့သွားရာ စောင်းတန်းတစ်လျှောက်၌ ဘုရားဖူး ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ကပ်လှူပူဇော်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ရွှေသင်္ကန်းများ ကပ်လှူပူဇော်သည်။ဗိုလ်ချုပ်မှူးကြီးနှင့် အတူလိုက်ပါလာသည့် အဖွဲ့ဝင်များကလည်း စေတီတော်အား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသည် စေတီတော်အာရုံခံတန်ဆောင်းတွင် ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး စေတီတော်အား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲက စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဓမ္မလက်ဆောင်တို့ကို ဂါရဝပြု ပြန်လည်ပေးအပ်ကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

ပြန်လည်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်အကြီးအကဲသည် တာဝန်ရှိသူများအား ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့ကြည်နူးစွာ ဘုရားဖူးမြော်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးရန်မှာကြားပြီး မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**

ရင်းရင်း နှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဘုရားဖူး ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်ဖွင့်ပွဲ တက်ရောက် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ဂုနာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်ကလေးဆေးရုံကြီး၌ ကျင်းပသော တိုးချဲ့ဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆေးရုံသစ်ဆောက်လုပ်ရေး ကြီးကြပ်ရေးကော်မတီဝင်များ၊ ကလေးဆေးရုံ ကြီးကြပ်ရေးကော်မတီဝင်များ၊ ဆေးရုံအုပ်ကြီးများ၊ ကလေးဆေးရုံ ပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တိုးချဲ့ဆောင်သစ်ဥပစာ၌ ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်တို့က တိုးချဲ့ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပက်ဖျန်းပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့်အတူ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ထို့နောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို တိုးချဲ့ဆောင်သစ်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းမှူးက တိုးချဲ့ဆောင်သစ် ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွံတေး အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၆

တွံတေးအထကတွင် ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာ ဆရာမကြီးများအား (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပရန်စီစဉ်ထားသည်။

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါ်သင်းသင်း ဖုန်း-၀၁-၅၆၅၈၈၁၊ ဒေါက်တာသိန်းဇော်မြင့် ဖုန်း- ၀၄၅-၅၀၀၀၉၊ ဦးဘမြင့် ဖုန်း-၀၄၅-၅၀၁၈၇၊ ဦးထွန်းဝေ ဖုန်း-၀၄၅-၅၀၁၉၅နှင့် ဦးမင်းနိုင် ဖုန်း-၀၄၅-၅၀၀၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အီရန်နှင့်အာဖဂန်နစ္စတန် မူးယစ်မှောင်ခိုမှု ပူးပေါင်းတိုက်ဖျက်ရေး အရှိန်မြှင့်မည်

တီဟီရန် ဒီဇင်ဘာ ၂၆

အီရန်နှင့်အာဖဂန်နစ္စတန်နိုင်ငံတို့သည် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုများကို ပူးပေါင်းတိုက်ဖျက်ရေးတိုးမြှင့်ပြုလုပ်သွားရန် အီရန်-အာဖဂန်တရားရေးဆိုင်ရာကိုယ်စားလှယ်များ တွေ့ဆုံစဉ် သဘောတူညီခဲ့ကြကြောင်း ဖားစ်သတင်းဌာနက ဒီဇင်ဘာ ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံအစိုးရရှေ့နေချုပ် ဂိုလမ်ဟူစိန်မိုဆေနီ-အီဂျေးနှင့် အာဖဂန်နစ္စတန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရှေ့နေ ဦးဆောင်သည့် တရားရေးဆိုင်ရာကိုယ်စားလှယ်အဖွဲ့တို့ တီဟီရန်မြို့၌ ဒီဇင်ဘာ ၂၃ ရက်က တွေ့ဆုံရာတွင် ယင်းကဲ့သို့ သဘောတူလက်ခံခဲ့ကြခြင်းဖြစ်သည်။

ဆွေးနွေး

နှစ်နိုင်ငံကြား တရားရေးဆိုင်ရာ ဆက်သွယ်မှုများပြုလုပ်ရန် လိုအပ်ပုံနှင့် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုများ ပူးပေါင်းတိုက်ဖျက်ရန် အရေးကြီးပုံတို့ကို ယင်းတို့နှစ်ဦး တွေ့ဆုံဆွေးနွေးစဉ် နှစ်ဖက်စလုံးက အလေးအနက်ထားပြောကြားသည်။

ဖမ်းဆီး

ကမ္ဘာကြီးတစ်ခုလုံး၏ ဘိန်းဖမ်းဆီးရမိမှု စုစုပေါင်း၏ ၈၅ရာခိုင်နှုန်းမှာ အီရန်နိုင်ငံ၌ ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံမှ မှောင်ခိုတင်သွင်းလာသော ဘိန်းတန်ချိန် ၁၀၀၀ကျော်ကို အီရန်နိုင်ငံက သိမ်းဆည်းခဲ့ကြောင်းဖြင့်လည်း ဖားစ်သတင်းဌာနက ဖော်ပြသည်။

(အင်တာနက်)

ဗီယက်နမ် ဆန်တင်ပို့မှု မြင့်တက်လာ

ဟနွိုင်း ဒီဇင်ဘာ ၂၆

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၉ခုနှစ် ပထမ ၁၁လအတွင်း ပြည်ပသို့ဆန်တန်ချိန် ၅၁ဒသမ၆သန်းတင်ပို့နိုင်ခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ် အလားတူကာလထက် ၃၀ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ဗီယက်နမ်အကောက်ခွန်ဌာနက ဒီဇင်ဘာ ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ရရှိခဲ့

ဗီယက်နမ်နိုင်ငံအနေဖြင့် ကမ္ဘာ့ဆန်ဈေးကွက်သို့ ၂၀၀၉ခုနှစ် ပထမ ၁၁လအတွင်း ဆန်ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၉ဘီလီယံရရှိခဲ့သည်။

ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး နိုင်ငံများအနက် ထိုင်းနိုင်ငံပြီးလျှင် ဗီယက်နမ်နိုင်ငံမှာ ဒုတိယနေရာ၌ရှိကြောင်း သတင်းထုတ်ပြန်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်နျူအစီအစဉ် သံတမန်နည်းဖြင့်ဖြေရှင်းကြရန် ရုရှားနှင့်တရုတ် တိုက်တွန်း

မော်စကို ဒီဇင်ဘာ ၂၆

အီရန်၏နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အနောက်အုပ်စုက အီရန်အစိုးရအား ထပ်မံပိတ်ပင်အရေးယူရန် ခြိမ်းခြောက်နေစဉ် ရုရှားနှင့်တရုတ်နိုင်ငံတို့က လိပ်ခဲတည်းလည်းဖြစ်နေသော ယင်းပြဿနာကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရန်တိုက်တွန်းလိုက်ကြောင်း ဒီဇင်ဘာ ၂၆ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အီရန်၏နျူကလီးယားအစီအစဉ်ကို နိုင်ငံရေးအရဖြေရှင်းရေး နိုင်ငံတကာ ကြိုးပမ်းအားထုတ်မှုများတွင် ရုရှားနိုင်ငံပါဝင်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အက်ဇီဘိုရိုဒက်ဘင်က ပြောကြားသည်။

အီရန်နိုင်ငံ၊ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)နှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား အပေးအယူမျှစွာ ဖြေရှင်းနိုင်မည်ဟု ရုရှားအစိုးရကမျှော်လင့်ကြောင်း ၄င်းက ထည့်သွင်းပြောကြားသည်။

ပြောကြား

အီရန်၏ နျူကလီးယားအစီအစဉ်ဖြေရှင်းရေးတွင် ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းအားလုံး စေ့စပ်ဖြေရှင်းရေးနည်းလမ်းကို ကိုင်စွဲသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ ကျန်က သတင်းထောက်များအား ပြောကြားလိုက်သည်။

(အင်တာနက်)

လုပ်ငန်းခွင်

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဟန်မြို့ရှိ မြန်နှုန်းမြင့်ရထားများ ပြင်ဆင်ရေးအလုပ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဒီဇင်ဘာ ၂၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဗင်နီဇွဲလားကမ်းလွန်၌ ကုန်တင်သင်္ဘောမီးလောင်

ကရာကတ်စ် ဒီဇင်ဘာ ၂၆

ဗင်နီဇွဲလားနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်၌ ဂရိကုန်တင်သင်္ဘောမီးလောင်မှု ဒီဇင်ဘာ ၂၅ရက်က ဖြစ်ပွားရာ ကိုးဦးသေဆုံးခဲ့ကြောင်း အေဘီအင်န်သတင်းဌာနက သတင်းထုတ်ပြန်သည်။

စတင်လောင်ကျွမ်း

ဘရာဇီးမှ အမေရိကန်သို့မောင်းနှင်လာသည့် ယင်းကုန်တင်သင်္ဘောမှာ ဗင်နီဇွဲလားနိုင်ငံ ဘလန်ကျူလာကျွန်းမှ အရှေ့မြောက်ဘက် ၆၁ကီလိုမီတာအကွာ၌ မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ သင်္ဘောအင်ဂျင်ခန်းတစ်ခုမှနေ၍ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြပါရှိသည်။ ***(အင်တာနက်)***

အေယူတပ်ဖွဲ့နှင့်သူပုန်တို့အကြား တိုက်ပွဲဖြစ်ပွား အရပ်သား ၂၅ ဦးသေဆုံး၊ ၅၅ ဦးဒဏ်ရာရ

မိုဂါဒစ်ရှူး ဒီဇင်ဘာ ၂၆

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တောင်ပိုင်း၌ ဒီဇင်ဘာ ၂၄ ရက်က အာဖရိကသမဂ္ဂ(အေယူ)တပ်ဖွဲ့နှင့် အယ်လ်ရှာဘတ်သူပုန်များအကြား ပြင်းပြင်းထန်ထန်တိုက်ပွဲဖြစ်ပွားရာ အရပ်သား ၂၅ဦးသေဆုံးပြီး ၅၅ဦး ပြင်းထန်စွာဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက သတင်းထုတ်ပြန်သည်။

မရရှိခဲ့

တိုက်ပွဲအတွင်း လက်နက်ကြီးများ၊ လက်နက်ငယ်များဖြင့် အဆက်မပြတ်ပစ်ခတ်ခဲ့ရာ ဝါဒါဟီဂယ်ဒေသ၊ ဒေနီလီဒေသနှင့် ဟိုဒွန်ဒေသရှိ အရပ်သားများ ထွက်ပြေးကြရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အာဖဂန်၌သေဆုံးသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်ဦးရေ ၂၀၀၉ခုနှစ်အတွင်း ၅၀၃ ဦးရှိသွားပြီ

ကဘူးလ် ဒီဇင်ဘာ ၂၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာမြို့၌ ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက မြင်းလှည်းပေါ် ဗုံးထောင်ကာ ဖောက်ခွဲမှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံး ရှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း ပရက်စ်တီဗွီသတင်း၌ ဖော်ပြသည်။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌သေဆုံးသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်ဦးရေ ၅၀၃ ဦးရှိသည့်အနက် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀ကျော်ပါဝင်ကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြထားသည်။ (အင်တာနက်)

အီရတ်နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား ၂၀ကျော်သေဆုံး၊ ၁၅၀ကျော် ဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၆

အီရတ်နိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း ဗုံးခွဲတိုက်ခိုက်မှုများကြောင့် လူပေါင်း ၂၀ကျော် သေဆုံးပြီး ၁၅၀ ကျော်ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အောက်ပုံ)**

သေဆုံး

ဒီဇင်ဘာ ၂၄ရက်က အဆိုးရွားဆုံး ကားဗုံးဖောက်ခွဲမှုနှစ်ခုကြောင့် ဘာဘီပြည်နယ် ဟီလာမြို့တွင် ၁၅ ဦးသေဆုံးပြီး ၇၀ကျော်ဒဏ်ရာရရှိခဲ့သည်။ ကာဘာလာမြို့၌ ထိုနေ့ညနေပိုင်းက ဗုံးခွဲတိုက်ခိုက်မှုတွင် တစ်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိသွားသည်။ ယင်းနေ့ မွန်းလွဲပိုင်းကလည်း ဘဂ္ဂဒက်မြို့၌ ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားသဖြင့် လူရှစ်ဦးသေဆုံးပြီး ၃၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သတင်း၌ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

အင်န်-၁၄၀-၁၀၀ အမျိုးအစားလေယာဉ် ရုရှားလေတပ် အသုံးပြုတော့မည်

မော်စကို ဒီဇင်ဘာ ၂၆

ရုရှားလေတပ်သည် ၂၀၁၀ နှစ်ကုန်ပိုင်းတွင် အင်န်-၁၄၀-၁၀၀ အမျိုးအစား လေယာဉ်သစ်တစ်စင်း ရရှိမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၄ရက်၌ ကြေညာသည်။

လက်မှတ်ရေးထိုး

အင်န်-၁၄၀-၁၀၀အမျိုးအစား လေယာဉ်တစ်စင်း ထုတ်လုပ်ရေးကန်ထရိုက်စာချုပ်ကို ရုရှားလေတပ်နှင့် ဆာမာရာအခြေစိုက် လေယာဉ်တည်ဆောက်ရေးစက်ရုံ အဗီယာကောတို့ လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ကြပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန လေတပ်ရေးရာ ပြောခွင့်ရပုဂ္ဂိုလ် ဗလာဒီမီဒရိုက်က ပြောကြားသည်။

အသုံးပြုသွားမည်

၂၀၁၀ ခုနှစ် စတုတ္ထသုံးလပတ်တွင် အဆိုပါလေယာဉ်သစ်ကို ရုရှားလေတပ်သို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း၊ ယင်းလေယာဉ်ကို အထူးအစီအစဉ်များအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း အဆိုပါ ပြောခွင့်ရပုဂ္ဂိုလ်က အီတာတာ့စ်သတင်းဌာနသို့ ပြောကြားသည်။

(အင်တာနက်)

အီတလီနိုင်ငံ၏ ခရီးသွားများအား ဆွဲဆောင်ရာ ဗင်းနစ်မြို့တော်၌ ရေလွှမ်းမှုဖြစ်ပွားလျက်ရှိသည်ကို ဒီဇင်ဘာ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သုတေသနလုပ်ရန် ဒေါ်လာ ၂ဒသမ ၈၇ဘီလီယံ ဂျာမနီရင်းနှီးမြှုပ်နှံမည်

ဘာလင် ဒီဇင်ဘာ ၂၆

ဂျာမနီအစိုးရသည် လာမည့်ခြောက်နှစ်အတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သုတေသနပြုလုပ်ငန်းများအတွက် အမေရိကန် ဒေါ်လာ ၂ဒသမ၈၇ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဂျာမန်ပညာရေးနှင့် သုတေသနဝန်ကြီး အန်နီတီရှုမ်ဗင်နှင့် ဒီဇင်ဘာ ၂၆ရက်က တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

ဂျာမနီအစိုးရအနေဖြင့် နည်းပညာဆိုင်ရာ တီထွင်စမ်းသပ်ချက်များ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း၌လည်း ထူးချွန်ထက်မြက်သည့် သိပ္ပံပညာရှင်များစွာရှိကြောင်း ရှုမ်ဗင်က ထပ်လောင်းပြောကြားသည်။

ဂျာမနီနိုင်ငံအနေဖြင့် ၂၀၂၀ခုနှစ်အရောက်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၄၀ရာခိုင်နှုန်း လျှော့ချရန် ရည်ရွယ်ထားရှိကြောင်း၊ သုတေသနလုပ်ငန်းနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ စစ်သွေးကြွ ၁၂ဦးသေဆုံး

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ပါကစ္စတန်စစ်ဘက်ထိုးစစ်ဆင်မှုအတွင်း စစ်သွေးကြွ ၁၂ဦး ထက်မနည်းသေဆုံးကြောင်း ဒီဇင်ဘာ ၂၅ရက်၌ နိုင်ငံပိုင်ရုပ်မြင်သံကြားသတင်းဌာနက ထုတ်လွှင့်သည်။

ပျက်စီး

ဖီရို့ဇ်စယ်မီလာဒေသအတွင်း စစ်သွေးကြွများ ခိုအောင်းရာနေရာသို့ ရဟတ်ယာဉ်များနှင့် တိုက်လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွရှစ်ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိကြောင်း၊ စခန်းလေးခုနှင့် မော်တော်ယာဉ်သုံးစီးလည်း ပျက်စီးသွားကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဖြစ်ပွား

တစ်ချိန်တည်းမှာပင် ဖရွန်တီယာပြည်နယ်အနောက်မြောက်ပိုင်း ဆွက်တောင်ကြား၌ လုံခြုံရေးတပ်ဖွဲ့နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားရာ စစ်သွေးကြွလေးဦးသေဆုံးသွားကြောင်း သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ကမ္ဘာတစ်ခွင် ၂၀၀၉ ခုနှစ်ကို သတင်းအနှစ်ချုပ်ရပါလျှင်....

ဤအချိန်ကာလသည် ၂၀၀၉ ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၁၀ သို့ နှစ်သစ်ကူးတော့မည့် အခါသမယဖြစ်သည်။ ၂၀၀၉ခုနှစ်သည် ဆယ်စုနှစ်အတန်ကြာအတွင်း၌လည်းကောင်း၊ ၂၁ရာစု၏ ပထမဆယ်နှစ်အတွင်းတွင် လည်းကောင်း ထူးခြားသည့်နှစ် ဖြစ်သည်။

(ယမန်နေ့မှအဆက်)

မြန်မာ့အလင်း ဘာသာပြန်စာတည်းအဖွဲ့ စုစည်းရေးသားသည်

အာဖရိကတိုက်

လက်ရှိကြုံတွေ့နေသော ကမ္ဘာ့ဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်း

မိုးခေါင်ရေရှားမှုဒဏ် ခံစားကြရသည့် ကင်ညာလယ်ယာစိုက်ခင်းများ။

ကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဖရိကတိုက်ကိုလည်း ခြွင်းချန်မထားရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်က ဒါရက်စလမ်၌ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)နှင့် တန်ဇန်းနီးယားနိုင်ငံတို့၏ ပူးတွဲစီစဉ်သည့် နှစ်ရက်ကြာညီလာခံ၌ ၂၀၀၉ခုနှစ် မတ်လ ၁၀ရက်က တိုက်တွန်းဆော်ဩလိုက်သည်။ ညီလာခံသို့ အာဖရိကတိုက်တစ်နံတစ်လျားမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများအပါအဝင် ကိုယ်စားလှယ် ၃၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

တစ်သက်တွင် တစ်ခါကြုံသည့် ဤအခွင့်အရေးကို လက်မလွှတ်စေရေးအတွက် အာဖရိကတိုက်အနေဖြင့်လည်း ကိုယ့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန် အရေးကြီးကြောင်း ကိုဖီအန်နန်က ပြောကြားသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်သည် ယခုအခါ ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားရေးဖိုရမ်ဥက္ကဋ္ဌ တာဝန်ကိုယူထားသူဖြစ်သည်။

စားနပ်ရိက္ခာ

ကင်ညာနိုင်ငံတွင် ပြည်သူ ၁၀ သန်းနီးပါးမျှ စားနပ်ရိက္ခာမဖူလုံသည့် အရေးပေါ် အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ရာသီဥတုဖောက်ပြန်ကာ မိုးခေါင်ရေရှားမှုကြောင့်လည်း ရိက္ခာပြဿနာ ပိုဆိုးရသည်။ စားနပ် ရိက္ခာမလုံမလောက်သည့် ပြည်သူ ၁၀ သန်းခန့်တွင် ကလေးသူငယ် ၁ ဒသမ ၅ သန်း၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်အပါအဝင် ရောဂါမျိုးစုံခံစား နေရသူ ၂ ဒသမ ၅ သန်းနှင့် မြို့နေဆင်းရဲသား ၂ ဒသမ ၅ သန်းတို့ပါဝင်သည်။

ထိုအတောအတွင်း အီသီယိုးပီးယားနိုင်ငံက ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ၎င်း၏တပ်များကို ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှုးမှအပြီးရုပ်သိမ်းပေးလိုက်သည်။

အာဖရိကသမဂ္ဂ

ဆူဒန်နိုင်ငံ ဒါဖောဒေသငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်နှင့်အတူ အာဖရိကသမဂ္ဂ (အေယူ)တပ်ဖွဲ့က လက်တွဲဆောင်ရွက်ခြင်းအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်က ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဒါဖောဒေသတွင် ၂၀၀၃ ခုနှစ်က တိုက်ပွဲများ စတင်ဖြစ်ပွားကတည်းက ပြည်သူ ၂ ဒသမ ၇ သန်းခန့် အိုးအိမ်စွန့်ခွာထွက်ပြေးကြရပြီး ပြည်သူ ၃၀၀၀၀၀ခန့် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ ထိုဒေသရှိ အရပ်သားများအား ကာကွယ်စောင့်ရှောက်ရန် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ကို စေလွှတ်ခဲ့ရသည်။

အာဖရိကတိုက်အတွင်း ပေါ်ပေါက်သည့် ပဋိပက္ခများ ချုပ်ငြိမ်းရေး အာဖရိကသမဂ္ဂ(အေယူ)အနေဖြင့် ပိုမိုကြိုးပမ်းဆောင်ရွက်ပေးပါရန် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အောက်စ်ဖမ်နှင့် အာဖရိကစောင့်ကြည့်ရေးအဖွဲ့တို့က မေတ္တာရပ်ခံသည်။

အေယူဥက္ကဋ္ဌသစ်

အီသီယိုးပီးယားနိုင်ငံ အဒစ်အာဘာဘာမြို့၌ ဖေဖော်ဝါရီ ၂ ရက်က ကျင်းပသော (၁၂)ကြိမ်မြောက် အေယူထိပ်သီးအစည်းအဝေးတွင် လစ်ဗျားခေါင်းဆောင် ကဒါဖီအား အေယူဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ဥက္ကဋ္ဌရာထူးသက်တမ်းမှာ တစ်နှစ်ဖြစ်သည်။

အေယူ ထိပ်သီး အစည်းအဝေး

အီသီယိုးပီးယားနိုင်ငံ အဒစ်အာဘာမြို့၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အေယူ ထိပ်သီး အစည်းအဝေး။

ဂြိုဟ်ကြီးရှစ်လုံး

နေစကြဝဠာ အဖွဲ့အစည်းအတွင်း ဂြိုဟ်ကြီးကိုးလုံးရှိသည့်အနက် ပလူတိုဂြိုဟ်မှာ ဂြိုဟ်အဆင့်မရှိကြောင်း၊ ဂြိုဟ်သိမ်ဂြိုဟ်မွှားသာဖြစ်ကြောင်း၊ ပလူတိုကိုဂြိုဟ်စာရင်းမှပယ်ဖျက်ပြီး ပလူတွိုက်များဟုသာ ခေါ်ဆိုမည်ဖြစ်ကြောင်း နက္ခတ္တဗေဒဆိုင်ရာ သိပ္ပံပညာရှင်များက ပြောကြားသည်။

ပလူတိုဂြိုဟ်ကို ဂြိုဟ်ကြီးကိုးလုံးစာရင်းမှ ပယ်ဖျက်လိုက်သည့်အတွက် ဂြိုဟ်ကြီးရှစ်လုံးသာရှိတော့ကြောင်း နိုင်ငံတကာ နက္ခတ္တဗေဒဆိုင်ရာ သမဂ္ဂ၏ အမှုဆောင်ကော်မတီက နော်ဝေနိုင်ငံ အော်စလိုမြို့၌ ၂၀၀၉ခုနှစ် ဇွန်လဆန်းက ကျင်းပသည့် အစည်းအဝေးတွင် ကြေညာသည်။

ယခုအခါ နေစကြဝဠာစနစ်တွင် ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ ကမ္ဘာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့ ပါဝင်ကြသည်။

နေကြတ်မှုအကြာဆုံး

၂၁ရာစုနှစ်အတွင်း နေကြတ်မှုအကြာဆုံးအချိန်ကို တွေ့မြင်ရသည့်ဒေသမှာ အာရှတိုက်ပင်ဖြစ်သည်။ ကမ္ဘာမြေကြီးနှင့် နေတို့အကြား လက်တစ်တန်းတည်း ဖြောင့်တန်းစွာကျရောက်ချိန်တွင် လရိပ်က ကမ္ဘာမြေပေါ်သို့ လွှမ်းထားသည့်အတွက် နေကို တိုက်ရိုက် မမြင်တွေ့ခြင်းကို နေကြတ်သည်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ၂၀၀၉ခုနှစ် ဇူလိုင် ၂၂ရက် ဂရင်းနစ်စံတော်ချိန် (၀၂း၃၈း၃၉) နာရီတွင် နေစတင်ကြတ်သည်။ နေကြတ်ချိန် ၆မိနစ် ၃၉စက္ကန့်ကြာခဲ့သည်။ ၂၁ရာစုနှစ်တွင် အကြာဆုံးနေကြတ်ခြင်းပင် ဖြစ်သည်။ နောက်တစ်ကြိမ်နေကြတ်ခြင်းကို ၂၁၃၂ခုနှစ် ရောက်မှသာ မြင်တွေ့နိုင်တော့မည်ဖြစ်သည်။



နေကြတ်ပုံ

၂၀၀၉ခုနှစ် ဇူလိုင် ၂၂ရက်က နေကြတ်ပုံအဆင့်ဆင့်နှင့် နေကြတ်ပုံအား ထိုင်းနိုင်ငံကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြစဉ်။

နှစ် (၂၀)ပြည့်အခမ်းအနား

ခေတ်သစ်အီရန်အစ္စလမ္မစ်သမ္မတနိုင်ငံတော်ကို ထူထောင်ပေးခဲ့သူ အယာတိုလာအလီခိုမေနီ ကွယ်လွန်သည့် ဇွန် ၃ရက်က တီဟီရန်မြို့ ဆင်ခြေဖုံးရှိ အယာတိုလာ အလီခိုမေနီဂူဗိမာန်တွင် အနှစ်(၂၀) ပြည့် အထိမ်းအမှတ်ပွဲ ပြုလုပ်သည်။ အယာတိုလာအလီခိုမေနီ (၂၄-၉-၁၉၀၂ မှ ၃-၆-၁၉၈၉) ကွယ်လွန်ခြင်းအထိမ်းအမှတ်အခမ်းအနားသို့ လက်ရှိအီရန်ဘာသာရေးခေါင်းဆောင်အယာတိုလာ အလီခါမေနီ၊ သမ္မတမာမွတ်အမာဒီနီဂျက်နှင့် အီရန်စစ်ဘက်နှင့် နယ်ဘက်အရာရှိကြီးများ တက်ရောက်သည်။

နိုမူဟွန်း

တောင်ကိုရီးယား သမ္မတဟောင်း နိုမူဟွန်းသည် နေထိုင်ရာအိမ်၏ အနောက်ဘက်ရှိ ချောက်ကမ်းပါးပေါ်မှ ၂၀၀၉ခုနှစ် မေ ၂၃ရက် နံနက်တွင် ခုန်ချကာ အဆုံးစီရင်သွားကြောင်း မီဒီယာများက ဖော်ပြသည်။

အက်ဒ်ဝပ်ကနေဒီ

အမေရိကန်ဒီမိုကရက် အထက်လွှတ်တော်အမတ်အဖြစ် ၄၇နှစ်ကြာ ကိုယ်ကျိုးစွန့်တာဝန်ထမ်းဆောင်ခဲ့သူ အက်ဒ်ဝပ်ကနေဒီ အသက်(၇၇)နှစ် ကွယ်လွန်သဖြင့် ဗာဂျီးနီးယား တောင်ကုန်းပေါ်ရှိ အာလင်တန်သုသာန်၌ လုပ်ကြံခံရသဖြင့် ကွယ်လွန်သူ အစ်ကိုတော် သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီနှင့် အထက်လွှတ်တော်အမတ် ရောဘတ်ကနေဒီတို့၏ ဂူများအနီးတွင် ၂၀၀၉ခုနှစ် စက်တင်ဘာ ၂၉ရက်က မြှုပ်နှံသင်္ဂြိုဟ်လိုက်သည်။

ကိုရာဇန်အကွီနို

ဖိလစ်ပိုင်နိုင်ငံ၏ ၁၁ဦးမြောက်သမ္မတတာဝန်ယူခဲ့သူ ကိုရာဇန်အကွီနို အသက် ၇၆နှစ်အရွယ် ၂၀၀၉ခုနှစ် ဩဂုတ် ၁ရက်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားသည်။ ရုပ်ကလာပ်ကို ဩဂုတ် ၅ရက်တွင် မနီလာ အောက်မေ့ဖွယ်ပန်းခြံ၌ ခင်ပွန်းဖြစ်သူ၏ အုတ်ဂူဘေးတွင် ယှဉ်တွဲမြှုပ်နှံခဲ့သည်။

ပေါ့ပ်အဆိုတော် မိုက်ကယ်ဂျက်ဆင်

ကမ္ဘာ့ပေါ့ပ်ဂီတဘုရင် မိုက်ကယ်ဂျက်ဆင် (၁၉၅၈-၂၀၀၉)မှာ ၂၀၀၉ခုနှစ် ဇွန် ၂၅ရက်တွင် ကွယ်လွန်သည်။ ၎င်း၏ ရုပ်ကလာပ်ကို ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ ဂလန်ဒေးအရပ်ရှိ Forest Lauon သင်္ချိုင်းတွင် မြေမြှုပ်သင်္ဂြိုဟ်လိုက်သည်။

ကွယ်လွန်သူ ပေါ့အဆိုတော် မိုက်ကယ်ဂျက်ဆင်။

မင်းသားကြီးကားလ်မယ်ဒင်

ပေါ့ပ်ဂီတဘုရင်မိုက်ကယ်ဂျက်ဆင် ကွယ်လွန်သဖြင့် တေးဂီတ ချစ်မြတ်နိုးသူတို့ အောက်မေ့သတိရ၍ အရှိန်မပြေမီမှာပင် အနုပညာလောကမှ အခြားကြယ်တစ်ပွင့် ကြွေလွင့်ခဲ့ပြန်သည်။ ယင်းမှာ အော်စကာဆုနှစ်ဆု၊ ရုပ်ရှင်ထူးချွန်ဆု ဂရမ်မီဆုလေးဆုရရှိသူ ရုပ်ရှင်မင်းသားကြီး ကားလ်မယ်ဒင်သည် အသက် ၉၇နှစ် အရွယ် ၂၀၀၉ခုနှစ် ဇူလိုင် ၁ရက်၌ ကွယ်လွန်ခဲ့ပြန်သည်။ ဟောလီးဝုဒ်ရုပ်ရှင်လောကတွင်နှစ်ပေါင်း၇၀နီးပါး ကျင်လည်ထင်ရှားကျော်ကြားခဲ့သူ အနုပညာရှင်တစ်ဦးဖြစ်သည်။ **ကိုးကား-အင်တာနက်**

(ဆက်လက်ဖော်ပြပါမည်)

(ဆက်လက်ဖော်ပြပါမည်)

အမေရိကန်၌ လေယာဉ်ဖောက်ခွဲရန်ကြံစည်မှု အထမမြောက်ခဲ့

မောင်မောင်ဆွေ- ရေးသားသည် စာမျက်နှာဖွဲ့စည်းမှု ခိုင်လွင် (မြန်မာ့အလင်း)

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့မှ အမေရိကန်ပြည်ထောင်စု ဒက်ထရွိုက်မြို့သို့ ဆိုက်ရောက်လာသည့် အမေရိကန်လေကြောင်းလိုင်းတစ်လိုင်းတွင် အထမမြောက်သော ဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း အမေရိကန်အဆင့်မြင့်အရာရှိများက ပြောကြားသည်။

ခရီးသည် ၂၇၈ဦးလိုက်ပါလာသည့် ဂျက်လေယာဉ်ပေါ်၌ ပေါက်ကွဲစေနိုင်သော လက်နက်ကို ဖောက်ခွဲနိုင်ရေးအတွက် လူတစ်ဦးက သူ၏ခြေထောက်ကို မီးရှို့ပြီး ဖောက်ခွဲရန်ကြိုးစားခဲ့ကြောင်း၊ သို့ရာတွင်တစ်ဦးတစ်ယောက်မျှ ဒဏ်ရာမရရှိခဲ့ကြောင်း သတင်းအသိုင်းအဝိုင်းက ပြောကြားသည်။

ထိုအချိန်တွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက လေကြောင်းခရီးသည်များအတွက် လုံခြုံရေးတိုးမြှင့်ပြုလုပ်ရန် အမိန့်ပေးထားသည်ဟုလည်း သိရသည်။

အကဲခတ်စောင့်ကြည့်

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ယင်းအခြေအနေကို အမြဲမပြတ်အကဲခတ်စောင့်ကြည့်နေကြောင်း အမေရိကန်သမ္မတအိမ်ဖြူ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဘီးလ်ဘာတန်က ပြောကြားသည်။

အနောက်မြောက်ပိုင်း ဒယ်လ်တာလေကြောင်းလိုင်းခရီးစဉ်အမှတ် ၂၅၃သည် ဒက်ထရွိုက် လေဆိပ်သို့ ဒီဇင်ဘာ ၂၅ရက် မွန်းလွဲပိုင်းက ဆင်းသက်ရန်ပျံသန်းလာစဉ် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ထိုမသင်္ကာသူသည် သူ၏ခြေထောက်တစ်ချောင်းကို မီးရှို့ရာ၌ ပြင်းပြင်းထန်ထန်မီးလောင်သွားကြောင်း၊ ရေလောင်း၍ မီးကိုငြိမ်းသတ်လိုက်ရကြောင်း ခရီးသည်တစ်ဦးဖြစ်သူ မီလင်ဒါဒင်းနစ်က ပြောကြားသည်။

အခြားခရီးသည်တစ်ဦးဖြစ်သူ ဆယက်ဂျာဖရီးက မိမိသည် မသင်္ကာသူ၏နောက်ဘက်ခုံတန်းသုံးတန်းမြောက်ထိုင်ခုံတွင် ထိုင်နေကြောင်း၊ မသင်္ကာသူထံမှ ခပ်မှိန်မှိန်အလင်းရောင်ကို မြင်လိုက်ကြောင်း၊ အနံ့ရကြောင်း၊ မီးခိုးနံ့ဟုယူဆကြောင်း ပြောကြားသည်။ ထို့နောက် မိမိ၏နောက်ကျောဘက်တွင် ထိုင်နေသည့်လူငယ်တစ်ဦးက မိမိထံခုန်ဆင်းလာကြောင်းဖြင့်လည်း ဆယက်ဂျာဖရီးက ပြောကြားသည်။

“နောက်ပိုင်း ဘာဖြစ်တယ်မှတ်လဲ၊ ကြောက်စိတ်အကြီးအကျယ်ဝင်ပြီးတုန်လှုပ်ချောက်ချားသွားတယ်” ဟု ဂျာဖရီးက ဆက်လက်ပြောကြားသည်။

မသင်္ကာသူသည်နောက်ပိုင်း၌ အဖမ်းခံလိုက်ရသည်။ အဖမ်းခံရချိန်တွင် အော်ဟစ်သွားသေးသည်။ “အာဖဂန်နစ္စတန်” ဟု အော်ဟစ်သွားသံကို ကြားလိုက်ရကြောင်း ခရီးသည် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

အမည်မသိ ခရီးသည်တစ်ဦးကလည်း မိမိဖောက်ခနဲမြည်သည့်အသံကို သဲ့သဲ့ကြားလိုက်ရကြောင်း၊ မီးခိုးအနည်းငယ်ထွက်လာသည်ကို တွေ့ရကြောင်း၊ ထို့နောက် မီးတောက်လာသည်ကိုလည်း တွေ့လိုက်ရကြောင်း ပြောပြသည်။

ထို့နောက် မိမိတို့ခရီးသည်များက ထိုမသင်္ကာသူကို အပြင်သို့ မြန်မြန်ထက်ထက် ဆွဲခေါ်သွားကြောင်း၊ သူက တအားအော်ကြောင်းဖြင့်လည်း ထိုခရီးသည်က ပြောပြသည်။

အမှုန့်များပါလာ

မိမိတွင် ပေါက်ကွဲစေတတ်သော အမှုန့်များပါလာကြောင်း၊ ယင်းအမှုန့်များကို ခြေထောက်တွင် တိပ်ကြိုးဖြင့်စည်းပြီးယူလာခြင်းဖြစ်ကြောင်း၊ ထိုအမှုန့်ကို ဓာတုပစ္စည်းနှင့်ရော၍ အသုံးပြုရသည်ဟု မသင်္ကာသူကနောက်ပိုင်းတွင် အမေရိကန်အာဏာပိုင်များအား ပြောကြားကြောင်း အေဘီစီ ရုပ်မြင်သံကြားအစီအစဉ်က ဖော်ပြသည်။

မသင်္ကာ၍ အဖမ်းခံရသူ၏ အမည်မှာ အဗ္ဗဒူမူဒါလက်ဆိုသူဖြစ်ကြောင်း၊ အသက် ၂၃နှစ်ဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံသားဖြစ်ကြောင်း နယူးယောက် ရီပတ်ဗလီကင်အမတ်က ပြောကြားသည်။ သူသည်အကြမ်းဖက်လုပ်ငန်းနှင့် ဆက်သွယ်သူဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

မစ္စတာမူဒါလက်သည် အခြားနေရာများတွင်လည်း အဗ္ဗဒူဖာရောက် အဗ္ဗဒူမူဒါလက်ဟု အမည်ပေးထားကြောင်း၊ သူသည်အယ်လ်ခိုင်ဒါနှင့် ဆက်သွယ်သူ ဖြစ်ကြောင်း၊ ပေါက်ကွဲစေတတ်သောပစ္စည်းကို ယီမင်နိုင်ငံမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

စုံစမ်းနေဆဲ

ယင်းဖြစ်ရပ်သည် ပိုမိုကြီးမားသည့်ပူးပေါင်းကြံစည်မှု၏ အစိတ်အပိုင်းဟုတ်မဟုတ် ဆက်စပ်မှုရှိမရှိ စုံစမ်းစစ်ဆေးသူများက စုံစမ်းဆဲဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် တစ်ကမ္ဘာလုံးထိတ်လန့်သွားရသည်။ ။ **(အင်တာနက်)**

(မှတ်ချက်။ ။နောက်ဆုံးသတင်းများအရ အဗ္ဗဒူမူဒါလက်သည် ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်မှ အင်ဂျင်နီယာကျောင်းသားတစ်ဦးဖြစ်နိုင်ကြောင်း သတင်းရရှိသဖြင့် လန်ဒန်ရဲတပ်ဖွဲ့က လန်ဒန်မြို့လယ်ရှိ ၎င်းနေထိုင်ရာ တိုက်ခန်းအား ဝင်ရောက်ရှာဖွေလျက်ရှိသည်။)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကွန်ပျူတာတက္ကသိုလ် (သထုံ) ပင်မစာသင်ဆောင်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ *ကျောဖုံးမှ*

ရောက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီခွဲတွင် မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၂) တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှု စက်ရုံစီမံကိန်း (ဘီးလင်း)သို့ ရောက်ရှိသည်။

နိုင်ငံတော် အကြီးအကဲနှင့်အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက စက်ရုံတည်ဆောက်ရခြင်းရည်ရွယ်ချက်နှင့် နောက်ခံသမိုင်း၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ သဘာဝ ဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အား၊ ရေနှင့် ပြည်တွင်းပြည်ပမှ ကုန်ကြမ်းပစ္စည်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တာယာများ နှစ်အလိုက်တိုးတက်ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုနှင့် ပြည်ပမှ တာယာတင်သွင်းမှုအခြေအနေ၊ ဝန်ကြီးဌာနမှ ရော်ဘာခြံများ ပြုပြင်ထိန်းသိမ်းမှု၊ တိုးချဲ့စိုက်ပျိုးမှုနှင့် ရော်ဘာကုန်ကြမ်းထွက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဦးတည်လုပ်ကိုင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက မှာကြားရာ၌ တည်ဆောက်လျက်ရှိသော စက်ရုံသစ်၏ ကုန်ထုတ်လုပ်မှုကို သတ်မှတ်ဒီဇိုင်းနှင့်အညီထုတ်လုပ်နိုင်ရေး၊ မူလဒီဇိုင်းပါ ထုတ်လုပ်အားထက် ပိုမိုထုတ်လုပ်နိုင်ရေး၊ အရည်အသွေးကောင်းပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် အခြားရော်ဘာဆက်စပ်ပစ္စည်းများပါ ထုတ်လုပ်နိုင်ရေးတို့အတွက် အလေးထား ဦးတည်လုပ်ကိုင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

စက်ရုံဟောင်းဖြစ်သည့် အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု စက်ရုံ (သထုံ)မှာ နှစ်ကာလကြာရှည်လာသည်နှင့်အမျှ မူလထုတ်လုပ်မှု ဒီဇိုင်းအတိုင်း ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ထုတ်လုပ်မှုကျဆင်းလျက်ရှိကြောင်း၊ ယင်းစက်ရုံ၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို ပြန်လည်စစ်ဆေး၍ စက်အသစ်များ အစားထိုးလဲလှယ်ခြင်း၊ ခေတ်မီစက်များဖြင့် စက်စွမ်းအားမြှင့်တင်ခြင်း စသည့်နည်းလမ်းမျိုးစုံဖြင့် စက်ရုံအဟောင်းကို ခေတ်မီစက်ရုံသစ်အဖြစ် တိုးတက်ပြောင်းလဲဖြစ်ပေါ်အောင် ကြိုးစားကြရမှာဖြစ်ကြောင်း၊ စက်ရုံသစ်တွေ တည်ဆောက်ရမှာဖြစ်သကဲ့သို့ စက်ရုံအဟောင်းများကိုလည်း ပြုပြင်မွမ်းမံ အဆင့်မြှင့်တင်သွားကြရန်လိုကြောင်း။

တီထွင်ကြံဆ

သို့မှသာ တာယာစက်ရုံဟောင်းနှင့် စက်ရုံသစ်ပေါင်း၍ နိုင်ငံတော်၏ တာယာလိုအပ်ချက်များကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်း၊ တာယာနှင့်ရော်ဘာပစ္စည်း စက်ရုံများဖြစ်သည်နှင့်အညီ တာယာပစ္စည်းတစ်မျိုးကိုသာ ထုတ်လုပ်မနေဘဲ အခြားရော်ဘာနှင့်ဆက်စပ်သော အိမ်သုံးပစ္စည်းနှင့် စက်မှုသုံးပစ္စည်းများကိုလည်း တီထွင်ကြံဆ ထုတ်လုပ်သွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ၂၀၀၉-၂၀၁၀ခုနှစ်အထိ ရော်ဘာစိုက်ပျိုးထားရှိမှု၊ နှစ်အလိုက်ဆက်လက်တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များနှင့် ရော်ဘာ တိုးတက်ထုတ်လုပ်နိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တိုးချဲ့စိုက်ပျိုး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ရော်ဘာသည် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့်အပြင် တိုးချဲ့စိုက်ပျိုးရန် မြေများလည်း များစွာကျန်ရှိနေသေးကြောင်း၊ ထို့ကြောင့် ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်သည့် မြေဧရိယာမည်မျှကျန်ပြီး ရေရှည်မည်သို့ တိုးချဲ့စိုက်ပျိုးမည်ကို စီမံချက်ချ၍ တိုးချဲ့စိုက်ပျိုးနိုင်သမျှကို ပြည်သူလူထုနှင့် ပူးပေါင်းပြီး တိုးချဲ့စိုက်ပျိုးသွားကြရန် ဖြစ်ကြောင်း။

ထို့အပြင် ရော်ဘာမျိုးကောင်းမျိုးသန့်များကိုလည်း ရှာကြံပြုစု၍ စိုက်ပျိုးသွားကြရန်နှင့် အစားထိုး လဲလှယ်သွားမည့် ရော်ဘာပင်အိုများကို သစ်အချောထည်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချနိုင်အောင် အားပေးကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စက်ရုံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co.,Ltd. မှ Project Director နှင့် Chief Engineer တို့အား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်အကြီးအကဲသည် စက်ရုံ၏ ထုတ်လုပ်မှုဆိုင်ရာ အဆောက်အအုံ အတွင်းရှိ Mixing Departmentနှင့် Radial Tyre Workshop တို့တွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက တာယာစိမ်းပထမအဆင့်နှင့် ဒုတိယအဆင့် ထုတ်လုပ်ရန် စက်ကိရိယာများ တပ်ဆင်ပြီးစီးမှု၊ တာယာကုန်ချောထုတ်လုပ်သည့် စက်ကိရိယာများ တပ်ဆင်ပြီးစီးမှု၊ ထုတ်လုပ်ပြီးတာယာများကို အရည်အသွေးစစ်ဆေးရန် X-Ray Tester နှင့် Uniformity & Balancing Testerများ တပ်ဆင်ပြီးစီးမှု၊ ယခင်က ထုတ်လုပ်ခဲ့သည့် Bias Tyre နှင့် ယခုထုတ်လုပ်မည့် Radial Tyre များ၏ အသုံးပြုမှုနှင့် အရည်အသွေး နှိုင်းယှဉ်ချက်များကို လိုက်လံရှင်းလင်းပြသသည်။

အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)သည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရန်ကုန်-မော်လမြိုင် မော်တော်ကားလမ်းမကြီး၏ မိုင်တိုင်အမှတ် (၁၂၂) အနီးတွင် တည်ရှိသည်။ စက်ရုံကို ၂၀၀၈ခုနှစ် စက်တင်ဘာလတွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ စက်ရုံပင်မအဆောက်အအုံ ဆောက်လုပ်မှုလုပ်ငန်းများ၊ စက်ပစ္စည်းများ တပ်ဆင်မှုနှင့် စက်မှုနည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးနေပြီး စက်စမ်းသပ်လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စက်ရုံတွင် တပ်ဆင်ထားသည့် မူလစက်တပ်ဆင်မှုစွမ်းအားအရ လူစီးမော်တော်ယာဉ် တာယာအမျိုးအစား ၁၁မျိုးကို တစ်နှစ်လျှင် တာယာအလုံးရေ သုံးသိန်း ထုတ်လုပ်နိုင်သည့် စက်ရုံဖြစ်သည်။

များစွာအထောက်အကူပြု

အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)နှင့် ယခုတည်ဆောက်ပြီးစီးပြီဖြစ်သည့် အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဘီးလင်း) တို့မှ နိုင်ငံတော်အတွက် လိုအပ်သောတာယာများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ရာ ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် များစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် သထုံမြို့သို့ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ထွန်းထွန်းတုနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် သထုံမြို့ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ်(သထုံ) တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ နိုင်ငံတော်အကြီးအကဲအား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက ကွန်ပျူတာတက္ကသိုလ်(သထုံ) သမိုင်းနှင့် တည်နေရာ၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများစာရင်း၊ ခန့်အပ်ပြီးဝန်ထမ်းအင်အား၊ ပညာအရည်အချင်းအလိုက် သင်ကြားရေး ဆရာ ဆရာမများအင်အား၊ ဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် သင်တန်းသားအင်အားနှင့် ဆရာ ဆရာမများအင်အား၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများ၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသော သင်တန်းသားအင်အားနှင့် ဆရာ ဆရာမများအင်အားတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက မှာကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများ၌ ဤကွန်ပျူတာပညာရပ်သည် အဓိကအရေးပါ ထွန်းကားသော ပညာရပ်ဖြစ်ကြောင်း၊ အခြားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရန်အတွက် မိမိတို့နိုင်ငံသည် ကွန်ပျူတာပညာရှင်များအား ပြုစုပျိုးထောင် မွေးထုတ်ပေးရန် အရေးကြီးကြောင်း။

ထို့ကြောင့် ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ်များကို နိုင်ငံတော်၏ အချက်အချာဒေသများ၌ ဖွင့်လှစ်ပေးထားခြင်းဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းရှင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် ရှင်းလင်းဆောင် ရှုရပ်မှနေ၍ ကွန်ပျူတာတက္ကသိုလ်(သထုံ) ပင်မစာသင်ဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သထုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှတ် (၂) စက်မှုဝန်ကြီးဌာန အမှတ် (၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံစီမံကိန်း (ဘီးလင်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တစ်နိုင်ငံလုံး၌ သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဒီဇင်ဘာ ၂၇ရက်ညနေအထိ ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဇယားထိပ်ကရတနာပုံကို အခက်တွေ့အောင်လုပ်ပြလိုက်တဲ့ ဘင်ဝေါလ်ဒန်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်   စာမျက်နှာဖွဲ့စည်းမှု-တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၆

MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယ အကျော့ပွဲစဉ် (၄၃)ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာမှာ ရတနာပုံအသင်းနဲ့ ဆောက်သမ်းမြန်မာအသင်းတို့ သရေပွဲဖြစ်ခဲ့ပါတယ်။

ရတနာပုံ - နှစ်ဂိုး။
ဆောက်သမ်းမြန်မာ- နှစ်ဂိုး။

ဆောက်သမ်းမြန်မာအသင်းမှ တယ်လွန် ရတနာပုံဘက်သို့ ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားစဉ်။ (မြန်မာ့အလင်း)

ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် MNL ပြိုင်ပွဲကို ခေတ္တရပ်နားထားတဲ့ နိုဝင်ဘာလမှာ ဆောက်သမ်းမြန်မာ အသင်းကို စတင်ကိုင်တွယ်ခဲ့တဲ့ အင်္ဂလန်၊ ဩစတြေးလျလူမျိုး ဘင်ဝေါလ်ဒန် ကတော့ ပွဲဦးထွက်ပွဲမှာပဲ မထင်မှတ်တာ လုပ်ပြနိုင်ခဲ့ပါတယ်။ ဘင်ဝေါလ်ဒန်လက်ထက်မှာ ကစားပုံ သိသိသာသာ ပြောင်းလဲလာတဲ့ ဆောက်သမ်းမြန်မာ အသင်းဟာ အခုပွဲမှာ ရတနာပုံအသင်းကို ခြေရည်တူလိုက်ကစားနိုင်ခဲ့ပြီး ထိပ်ဆုံးက ရတနာပုံအသင်းကို အခက်တွေ့အောင် လုပ်ပြနိုင်ခဲ့တာဖြစ်ပါတယ်။

အသုံးမချနိုင်

ဆောက်သမ်းမြန်မာ အသင်းဟာ ပွဲစကတည်းက ရတနာပုံကို ခြိမ်းခြောက်နိုင်ခဲ့ပြီး တိုက်စစ်မှာ ဂျေမွန်ခြေစွမ်းပြပြီး ဂိုးတွေ သွင်းယူနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဂိုးသမား ဇာနည်မင်းကလည်း ရတနာပုံအသင်းက သွင်းတဲ့သေချာပေါက် ဂိုးအချို့ကို ကာကွယ်နိုင်ခဲ့ပါတယ်။ အခုပွဲမတိုင်ခင်ကတည်းက ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်ပြမယ်လို့ ဆိုထားတဲ့ ဘင်ဝေါလ်ဒန်ဟာ ပွဲစကတည်းက ရတနာပုံကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ပွဲအစ တစ်မိနစ်မပြည့်ခင်မှာ တိုက်စစ်မှူး ဂျေမွန်က ဆောက်သမ်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူခဲ့ပါတယ်။ ရတနာပုံအသင်းဟာ ချေပဂိုးရဖို့ အဲဒီနောက်ပိုင်းမှာ တိုက်စစ်တရစပ်ဆင်ခဲ့ပေမယ့် နောက်ခံလူ ဂျီဒွန်ဆီယန် ပွဲပယ်ခံထားရခြင်း၊ ဂိုးသမား ယဉ်မင်းအောင် ဒဏ်ရာကြောင့် မပါဝင်နိုင်ခြင်းကြောင့် ခံစစ်ပိုင်းအားနည်းခဲ့ပြီး ဆောက်သမ်းကို အခွင့်အရေးတွေပေးခဲ့ရပါတယ်။ တိုက်စစ်မှူး ဂျေမွန် အခွင့်အရေးတွေ ထပ်အသုံးမချနိုင်ခဲ့လို့သာ ဂိုးထပ်မရခဲ့တာပါ။ ရတနာပုံအသင်းကလည်း ချေပဂိုးရဖို့ အခွင့်အရေးတွေ အများကြီး ရခဲ့ပေမယ့် ရန်ပိုင်၊ ထွန်းထွန်းဝင်းနဲ့ မက်သယူးတို့ အသုံးမချနိုင်ခဲ့ပါဘူး။

အကြိတ်အနယ်

ဒုတိယပိုင်း ပြန်အစမှာတော့ ဆောက်သမ်းမြန်မာအသင်း ခံစစ်အသားပေးကစားမိလို့ ရတနာပုံအသင်း တစ်ဖက်သတ်နီးပါး ဖိကစားနိုင်ခဲ့ပါတယ်။ ရတနာပုံအသင်းရဲ့ ဆက်တိုက်ဖိအားပေးမှုကြောင့် ဆောက်သမ်းမြန်မာ နောက်တန်း ပြိုဆင်းသွားပြီး ၅၆ မိနစ်နဲ့ ၆၄ မိနစ်မှာ ရန်ပိုင်တစ်ဦးတည်းက နှစ်ဂိုးသွင်းယူခဲ့ပါတယ်။ ဆောက်သမ်းမြန်မာအသင်းဟာ ချေပဂိုးရဖို့ လူအပြောင်းအလဲတွေလုပ်ပြီး တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ ၈၆ မိနစ်မှာတော့ ဆောက်သမ်းမြန်မာ ချေပဂိုးရခဲ့ပြီး တိုက်စစ်မှူးဂျေမွန်က ဂိုးသမားကိုလိမ်ပြီး သွင်းယူခဲ့တာပါ။ ရတနာပုံအသင်း သရေကျခဲ့တာကြောင့် ဒုတိယနေရာက ဒဲလ်တာယူနိုက်တက်နဲ့ သုံးမှတ်သာကွာပြီး လက်ကျန်ပွဲတွေဟာ ပိုပြီး အကြိတ်အနယ် ရှိလာတော့မှာပါ။ ။

ယနေ့ပွဲ

ညနေ ၄ နာရီ

ဇေယျာရွှေမြေ-ဉသာယူနိုက်တက်။

ဘောက်ဆင်ဒေး၌ ချယ်လ်ဆီးတို့ တစ်မှတ်သာရ နည်းပြသစ် မန်စီနီ ပွဲဦးထွက် မျက်နှာပန်းလှ

ဖောင်ပိတ်ပရီမီယာလိဂ်သတင်း   ရေးသူ-မောင်ချစ်ကြည်

လန်ဒန် ဒီဇင်ဘာ ၂၆

ပရီမီယာလိဂ်ပွဲစဉ်(၁၉)ဘောက်ဆင်ဒေးအဖြစ် ဒီဇင်ဘာ ၂၆ရက်က ယှဉ်ပြိုင်ကစားရာ ဘာမင်ဂမ်ကွင်း၌ ချယ်လ်ဆီးတို့ မမျှော်လင့်ဘဲ သရေပွဲဖြစ်ကာ တစ်မှတ်သာရပြီး အိမ်ပြန်ခဲ့ရသည်။

ဘာမင်ဂမ်နှင့် ချယ်လ်ဆီး

အဝေးကွင်းဖြစ်သော်လည်း အမှတ်ပြည့်ရယူရေးချယ်လ်ဆီးတို့ ကြိုးစားမှုထင်တိုင်း မပေါက်ခဲ့ချေ။ ဒရော့ဘာ၊ ဘယ်လ်လက်တီ၊ မာလူဒါ၊ လမ်းပတ်နှင့် တယ်ရီစသည့် အဓိက ကစားသမားများဖြင့် ပွဲထွက်ခဲ့သော်လည်း ဘာမင်ဂမ်တို့က စိတ်ဓာတ်ပြင်းပြင်းနှင့်

ဘာမင်ဂမ်နှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးမှ မာလူဒါ (ဝဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ခံကစားခဲ့သည်။ ချယ်လ်ဆီးတို့အကြိမ် ၃၀ခန့်ထိုးဖောက်နိုင်ပြီး အပိုင်ကန်သွင်းခွင့်ခုနစ်ကြိမ်ရရှိခဲ့သော်လည်း ဘာမင်ဂမ် ဂိုးသမား ဂျိုးဟတ်က လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။ ဒရော့ဘာ ခေါင်းတိုက်ချက်၊ မာလူဒါအပိုင် ကန်သွင်းချက်များလည်း လွဲချော်ခဲ့သည်။ ၈၉မိနစ်၌ မာလူဒါနှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရကာ ပွဲအပြီး ချယ်လ်ဆီးတို့ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။

ဝက်စ်ဟမ်းနှင့်ပို့စ်မောက်

နှစ်သင်းစလုံး ခြေစွမ်းပြကစားနိုင်ခဲ့ကြသည်။ ဝက်စ်ဟမ်းမှ ဖရန်ကိုနှင့် ကိုဇက်တို့ အတွဲညီညီထိုးဖောက်ကစားမှုကြောင့် ၂၃မိနစ်၌ ဝက်စ်ဟမ်းတို့ ပယ်နယ်တီ ရရှိခဲ့သည်။ ယင်းပယ်နယ်တီကို တိုက်စစ်မှူး ဒီယာမင်တီကန်သွင်းယူခဲ့သဖြင့် ဝက်စ်ဟမ်းတို့အဖွင့်ဂိုး ရရှိခဲ့သည်။ ချေပဂိုးရရှိရေးအတွက် ပို့စ်မောက်တိုက်စစ်မှူး ဒင်ဒန်းကြိုးစားသော်လည်း အပိုင်ကန်သွင်းခွင့် အခွင့်အရေးနည်းပါးခဲ့သည်။ ဝက်စ်ဟမ်းအတွက် ဒုတိယဂိုးကို ၈၉ မိနစ်၌ ကိုဇက်က သွင်းယူပေးခဲ့သဖြင့် ဝက်စ်ဟမ်းတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး အဖိုးတန်သုံးမှတ်ကို ရယူနိုင်ခဲ့သည်။

မန်စီးတီးနှင့်စတုတ်

မန်စီးတီးနည်းပြသစ် မန်စီနီက ရော်ဘင်ဟို၊ ပီထရော့ဗ်၊ တီဗက်ဇ်၊ အိုင်ယာလန်နှင့်တိုရေးတို့ကို ပွဲထုတ်ခဲ့သဖြင့် စတုတ်အပေါ် အသာစီး ကစားနိုင်ခဲ့သည်။ မန်စီးတီးအတွက် အဖွင့်ဂိုးကို ၂၈မိနစ်၌ ရော်ဘင်ဟိုပေးလိုက်သည့် ဘောလုံးကို ပီထရော့ဗ်က ခြောက်ကိုက်အကွာမှ ကန်သွင်းယူခဲ့သည်။ ဒုတိယဂိုးကို ၄၅မိနစ်၌ ဘာရီချပေးလိုက်သည့်ဘောလုံးကို တီဗက်ဇ်က အနီးကပ်သွင်းယူခဲ့သဖြင့် ပထမပိုင်း၌ပင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲချိန်အတွင်း ဂိုးထပ်မသွင်းနိုင်၍ နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ပြီး နည်းပြသစ် မန်စီနီ ပွဲဦးထွက် မျက်နှာပန်းလှခဲ့သည်။

အခြားပွဲရလဒ်များ

ဖူလ်ဟမ်	၀ - ၀	စပါး
ဘန်လေ	၁ - ၁	ဘော်လ်တန်
ဆန်းဒါးလန်း	၁ - ၁	အဲဗာတန်
ဝီဂန်	၁ - ၁	ဘလက်ဘန်း
လီဗာပူး	၂ - ၀	ဝုလ်ဗာဟမ်တန်

ကိုးကား-အင်တာနက်

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ-၂၀၀၉ လေ့လာဝယ်ယူသူများဖြင့် စည်ကားသိုက်မြိုက်နေ

အမေးအရေး-ဝင်းကျော်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

"ဒီအဝတ်လျှော်စက်ဟာ အဝတ်ကို လျှော်နိုင်၊ ညှစ်နိုင်၊ အခြောက်ခံနိုင်တာမို့ အိမ်ရှင်မတွေအတွက် အသုံးတည့်ပါတယ်။"
ဦးမောင်မောင်ထွန်း
နဝရတ်ထွန်းကုမ္ပဏီ

ရန်ကုန် ဒီဇင်ဘာ ၂၆

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ- ၂၀၀၉သို့ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိချိန် တပ်မတော်ခန်းမအတွင်း၌ လူများ စည်ကားများပြားစွာ တွေ့ရသည်။ ပစ္စည်းဝယ်ယူသူများ၊ လေ့လာကြည့်ရှုသူများဖြင့် ခန်းမအတွင်း ပြည့်ကျပ်နေသည်။

ဝယ်ယူမှုအတွက်

ဤသို့ စည်ကားနေရသည်မှာလည်း တစ်နေရာတည်းတွင် အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံကို လိုချင်တာရနိုင်ခြင်း၊ အထူးဈေးနှုန်းများဖြင့် ဝယ်ယူနိုင်ခြင်း၊ ပစ္စည်းဝယ်ယူမှုအတွက် လက်ဆောင်များ ရရှိခြင်းတို့ကြောင့် ဖြစ်သည်။

ဒီဇိုင်းလှပ

နဝရတ်ထွန်း ကုမ္ပဏီလီမိတက်မှ ခင်းကျင်းပြသော စကိုင်းဒစ်ဂျစ်တယ် အီလက်ထရွန်နစ်ပြခန်း၌ လူအများ ဝိုင်းအုံကြည့်ရှုနေသည်ကိုတွေ့ရ၍ စူးစမ်းလိုစိတ်ဖြင့် လေ့လာကြည့်မိရာ အိမ်ရှင်မများအတွက် အထူးနှစ်သက်ဖွယ်ဖြစ်သည့် အချိန်ကုန် လူပင်ပန်းမှုသက်သာသော အဝတ်လျှော်စက်အမျိုးမျိုးကို ဒီဇိုင်းလှပ ခေတ်မီစွာဖြင့်ပြသထားသည်ကို တွေ့ရသည်။

တန်ဖိုးရှိ

လူတို့ဝတ်ဆင်သော အဝတ်အထည်နှင့် ပတ်သက်၍ သန့်စင်သောအဝတ်အထည်များရနိုင်ရန် အသုံးဝင်သောအဝတ်လျှော်စက်အကြောင်း သိလိုသဖြင့် ပြခန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးမောင်မောင်ထွန်းအား မေးမြန်းကြည့်ရာ "ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ၂၀၀၉ မော်ဒယ်ထုတ် အဝတ်လျှော်စက်အသစ်လေးမျိုး ပြသရောင်းချထားပါတယ်။ အော်တိုအမျိုးအစားတွေပါ။ ဒီစက်တွေဟာ လျှော်နိုင်တယ်၊ ညှစ်နိုင်တယ်၊ အခြောက်ခံနိုင်တယ်။ အဝတ်နဲ့ပတ်သက်ပြီး သုံးမျိုးစလုံးလုပ်နိုင်တာမို့ အသုံးဝင်ပါတယ်။ အိမ်ရှင်မများအတွက် အချိန်ကုန်ငွေကုန် သက်သာပြီး ငွေကျပ်တစ်သိန်းကျော်ရှိရုံဖြင့် အဝတ်လျှော်စက်တစ်လုံး ပိုင်ဆိုင်နိုင်တာမို့ တန်ဖိုးရှိပါတယ်"ဟု ဖြေကြားသည်။

"ကျွန်မတို့ဆိုင်က ပရိဘောဂပစ္စည်းများကို ရော်ဘာသားနဲ့ ပြုလုပ်ထားပါတယ်"
မဝင်းသန္တာကျော်
(အရောင်းတာဝန်ခံ)

တင်ပို့ရောင်းချ

ဆက်လက်၍ သတင်းအဖွဲ့မှ ပြပွဲခန်းမအတွင်း လေ့လာကြည့်ရာတွင် ထူးထူး

စကိုင်းဒစ်ဂျစ်တယ် အီလက်ထရွန်နစ် အရောင်းပြခန်း၌ ဝယ်ယူလေ့လာသူများဖြင့် ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ခြားခြား ပရိဘောဂဒီဇိုင်းမျိုးစုံကို မျက်စိကျဖွယ် ခင်းကျင်းပြသထားသည့် Coffer ပရိဘောဂပြခန်း၌ သိလိုသည်များ မေးမြန်းရာ အရောင်းတာဝန်ခံ မဝင်းသန္တာကျော်က "ကျွန်မတို့ ပြသထားတဲ့ ပရိဘောဂတွေကို နှစ် ၅၀ရှိတဲ့ ရော်ဘာသားတွေနဲ့ ပြုလုပ်ထားတာပါ။ ပြည်တွင်းထွက် ပစ္စည်းကို ခေတ်မီနည်းပညာနဲ့ ပေါင်းစပ်ပြီး ပြုလုပ်ထားတာမို့ လူကြိုက်များပါတယ်။ ပြည်ပ အမှာရှိရင်လည်း တင်ပို့ရောင်းချပေးပါတယ်"ဟု ဖြေကြားသည်။

ရော်ဘာသားဖြင့် ပြုလုပ်ထားသော စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ ခုတင်မှအစ ဖန်စီပစ္စည်းလေးများ ပြုလုပ်ထားသည်ကို နှစ်သက်ဖွယ်ဖြစ်အောင် ပြသထားသည်။

မိုဘိုင်းလ်ဖုန်းများအတွင်း အင်္ဂလိပ်-မြန်မာအဘိဓာန်ဆော့ဝဲလ်ထည့်သွင်းပေးသောဆိုင်များ၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးသော ရေလုံလျှပ်စစ်သံလိုက်မီးဖိုဆိုင်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်၊ တီဗွီ၊ ဒီဗွီဒီ၊ အော်ဒီယိုပစ္စည်းဆိုင်များ၊ ဒစ်ဂျစ်တယ်ကင်မရာ၊ ဗီဒီယိုကင်မရာ ဆိုင်များ၊ ခေတ်မီရေအိမ်သုံးပစ္စည်း အရောင်းဆိုင်များ၌ဝယ်ယူသူများ၊ လေ့လာမေးမြန်းသူများဖြင့် စည်ကားလှသည်။

ပြပွဲခန်းတစ်ခု၌ လူများကိုယ်အလေးချိန်နှင့် အရပ်အမြင့်တိုင်းယူနေသည်ကိုတွေ့ရသဖြင့် ဝင်ရောက်မေးမြန်းကြည့်ရာပြခန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာ မူမူဝင်းက "ကျွန်မတို့ Lifeline ကုမ္ပဏီအနေနဲ့ Fore-Care သွေးပေါင်ချိန်စက်များ ရောင်းချပေးနေပါတယ်။ ကျန်းမာရေးအတွက်ဆိုရင် လူတစ်ဦးရဲ့ အရပ်နဲ့ သူ့ရဲ့ကိုယ်အလေးချိန်ကို ချိန်ကြည့်ပြီး သွေးတိုးရှိသလား၊ သွေးတိုးဘယ်အဆင့်ရှိသလဲ ဒီသွေးပေါင်ချိန်စက်နဲ့ ချိန်ကြည့်ရပါမယ်။ သွေးတိုးရောဂါဟာ နောက်ဆက်တွဲရောဂါတွေဖြစ် လာတတ်တာမို့ ကျန်းမာရေးအတွက် အရေးကြီးပါတယ်"ဟု ဖြေကြားသည်။

ကျန်းမာရေးအတွက် အထောက်အကူပြုသော Fore-Care သွေးပေါင်ချိန်စက်များကို ခင်းကျင်းရောင်းချထားသည်။ (မြန်မာ့အလင်း)

ကျန်းမာရေးအတွက် အီလက်ထရွန်နစ် ကိရိယာဖြင့် ကြိုတင်စမ်းသပ်နိုင်မှုကို သိရသည်။

လေ့လာသင့်

သတင်းအဖွဲ့ ရောက်ရှိနေရာ တပ်မတော်ခန်းမ၌ အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံကို ခင်းကျင်းပြသ၍ အဖိုးနှုန်းချိုစွာဖြင့် ရောင်းချပေးနေသည်။ လက်မလွှတ်သင့်သောအချိန်၌ အခွင့်အရေးကိုအသုံးချ၍ ဒီဇင်ဘာ၂၇ရက် **(ယနေ့)** နောက်ဆုံးနေ့အဖြစ် သွားရောက် လေ့လာဝယ်ယူသင့်ကြပါကြောင်း....။

(မြန်မာ့အလင်း)

✱ ရှေ့ဖုံးမှ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာ ဘူဒီရိုနိုထံသို့ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် နှစ်(၆၀)ပြည့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းပို့သအပ်ပါသည်။

သံတမန်ဆက်သွယ်မှု နှစ်ပေါင်း(၆၀) ကျော်လာသည်နှင့်အမျှ မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် သမိုင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်အပေါ် အခြေခံလျက် ထူးခြားစွာ တိုးတက်ဖြစ်ထွန်းခဲ့ပါသည်။

ကမ္ဘာကြီးတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မှီခိုလာရမှုများ တိုးမြှင့်လာသည်နှင့်အမျှ၊ ကမ္ဘာ့စိန်ခေါ်မှုများကို မြန်မာနိုင်ငံအနေဖြင့် ချစ်ခင်ရင်းနှီးသည့်နိုင်ငံများနှင့်အတူ လက်တွဲရင်ဆိုင်သွားမည် ဖြစ်ပါသည်။ ယခုနှစ်များအတွင်း ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဤစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် သိသိသာသာ အထောက်အကူပြုလိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတို့ကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ထပ်လောင်း အတည်ပြုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုယိုနိုထံသို့ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တည်ထောင်သည့် သက်တမ်း အနှစ်(၆၀)ပြည့်မြောက်သည့် မင်္ဂလာအခါသမယတွင် အဆွေတော်အား နှုတ်ခွန်းဆက်သပြီး ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။ နှစ်ပေါင်း(၆၀)တိုင် ကျွန်ုပ်တို့ နှစ်နိုင်ငံအကြား တည်ဆောက်ပျိုးထောင်ခဲ့ကြသည့် သံတမန်ဆက်ဆံရေးမှ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုစသည့် အသီးအပွင့်များကို ရရှိခံစားခဲ့ကြရပြီ ဖြစ်ပါသည်။

ကျွန်ုပ်တို့ နှစ်နိုင်ငံဆက်ဆံရေး သမိုင်းကြောင်းတွင် တူညီသော မျှော်မှန်းချက်နှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မှတ်ကျောက်တင်နိုင်ခဲ့သည်ကို ဝမ်းမြောက်စွာဖြင့် အသိအမှတ်ပြုအပ်ပါသည်။

ယခုကျရောက်သည့် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး အနှစ်(၆၀)ပြည့် အခါသမယသည် ကျွန်ုပ်တို့ နှစ်နိုင်ငံ၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုကျယ်ပြန့်အောင် တိုးမြှင့်နိုင်ရေးအတွက် အခွင့်အလမ်းကောင်း တစ်ရပ်ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အဆိုပါ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံဆက်ဆံရေး ကိုသာမက ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကိုလည်း အကျိုးပြုမည်ဖြစ်ကြောင်း အပြည့်အဝယုံကြည်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာအမ်မာတီအမ် နာတာလဂါဝါထံသို့ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် နှစ်(၆၀)ပြည့် မင်္ဂလာအခါသမယတွင် အဆွေတော်ထံသို့ ဆုမွန်ကောင်းများပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်(၆)ခုက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၏ ကဏ္ဍသစ်တစ်ရပ်ကို စတင်ခဲ့ကြပါသည်။ အဆိုပါ နှစ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်သည် အပြန်အလှန်နားလည်မှုနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကိုအခြေခံသည့် ချစ်ကြည်ရင်းနှီးမှုနှင့် နွေးထွေးသောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းခဲ့ကြပါသည်။

ဤနှစ်(၆၀)ပြည့် အခါသမယသည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် အရေးပါသော မှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဤအမှတ်တရ အခါသမယသည် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရန် အထောက်အကူပြုမည်ဟု ခိုင်မာစွာယုံကြည်ပါသည်။နှစ်နိုင်ငံချင်း ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင် အဆွေတော်နှင့် ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

❐ ရှေ့ဖုံးမှ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီရိုနိုထံမှ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခါသမယတွင် အဆွေတော်အား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်(၆၀)အတွင်း ခိုင်မာလာလျက်ရှိသည်ကို မိမိအနေဖြင့် ကျေနပ်မိပါကြောင်းနှင့် ရှေ့လာမည့်နှစ်များအတွင်း နှစ်နိုင်ငံပြည်သူများအကျိုးအတွက် မိမိတို့ဆက်လက် လက်တွဲဆောင်ရွက်သွားလိမ့်မည်ဟု ယုံကြည်ပါသည်။ ဤလက်တွဲဆောင်ရွက်မှုများသည် အာဆီယံဒေသနှင့် အာဆီယံဒေသပြင်ပထိ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိန်းသိမ်းရေးတို့အတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ထောက်ခံမည်ဟု အင်ဒိုနီးရှားနိုင်ငံ၏ ကတိကဝတ်ကို အခွင့်အခါကြုံခိုက် မိမိအနေဖြင့် အတည်ပြုလိုပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များကို အားလုံးပါဝင်ပြီး ရေရှည်တည်မြဲမည့် ယုံကြည်လက်ခံသော နည်းလမ်းဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့အနေဖြင့် မျှော်လင့်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုယိုနိုထံမှ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ပြီးခဲ့သည့် နှစ်များအတွင်း မှန်မှန်တိုးတက်လာရာ ယခုနှစ် မတ်လအတွင်း အဆွေတော် အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးစဉ်အတွင်း မြင့်မားသောအဆင့်တစ်ခုသို့ ရောက်ရှိခဲ့ပါသည်။ သို့ပါ၍ နှစ်နိုင်ငံနီးကပ်စွာ ဆက်ဆံရေးနှင့် အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးအတွက် အဆွေတော်ခရီးစဉ်၏ အောင်မြင်မှုများအပေါ် အခြေခံတည်ဆောက်သွားကြပါစို့။

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အနေဖြင့် အာဆီယံလုပ်ငန်းဘောင်အတွင်းတွင် လည်းကောင်း၊ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာမျက်နှာစာများတွင် လည်းကောင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များကို အားလုံးပါဝင်ပြီး ရေရှည်တည်မြဲမည့် ယုံကြည်လက်ခံသောနည်းလမ်းဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နေသည့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မိမိတို့အနေဖြင့် အားပေးထောက်ခံပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာအမ်မာတီအမ် နာတာလဂါဝါထံမှပေးပို့သည့် သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် မင်္ဂလာအခါသမယတွင် အဆွေတော်ထံသို့ နွေးထွေးစွာဆုမွန်ကောင်းများ ပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်နိုင်ငံအကြား နီးကပ်စွာချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရန် ကတိကဝတ်ရှိမှုကို အခွင့်အခါကြုံခိုက် မိမိအနေဖြင့် အတည်ပြုလိုပါသည်။ ယခုနှစ် မတ်လအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ခရီးစဉ်၏ အောင်မြင်မှုများကို မိမိတို့အနေဖြင့် အတူတကွ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

မြန်မာအိုင်စီ...
နောက်ဆုံး...

သတင်းခရီးသည်-မြင့်မေ...

နေပြည်တော် ဒီဇင်ဘာ ၂၆

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများ လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်စေရန် ရည်ရွယ်လျက် ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်က ကြီးမှူးစီစဉ်သည့် အဌမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ် ပြပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက်က ပြင်ဦးလွင်မြို့အနီး ရတနာပုံဆိုက်ဘာစီးတီး၌ စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

နည်းပညာ

မြန်မာ့အလင်းသတင်းအဖွဲ့သည် အဆိုပါ မြန်မာအိုင်စီတီပြပွဲကြီးသို့ သွားရောက်ကာ နောက်ဆုံးပေါ် တိုးတက်ပြောင်းလဲနေသော ဆက်သွယ်ရေး နည်းပညာများနှင့်စပ်လျဉ်း၍ လေ့လာခဲ့ပါသည်။

မြန်မာ့ဆက်သွယ်ရေး

ရှေးဦးစွာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ e-telegram အကြောင်း သိကောင်းစရာများနှင့်စပ်လျဉ်း၍ ကြည့်ရှုလေ့လာခဲ့သည်။ e-telegram ဆိုသည်မှာ Online မှ တစ်ဆင့် ကြေးနန်း (e-telegram) ပေးပို့နိုင်သည့် စနစ်တစ်ခုဖြစ်သည်။ယခင်က ကြေးနန်းရုံးတွင် လူကိုယ်တိုင် သွားရောက်၍ ကြေးနန်းရိုက်ရသော်လည်း ယခုအခါ နီးစပ်ရာ e-telegram လုပ်ငန်းဆောင်ရွက်သည့် ကြေးနန်းရုံးများတွင်သာမက Online ချိတ်ဆက်

အဌမအကြိမ်မြောက် မြန်မာအိုင်စီတီ ရ...
ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

သရုပ်ပြလေ့ကျင့်

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ဦးဆောင်သည့်အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးငွေးမော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ နိုဝင်ဘာ ၂၈ရက်က စလင်းမြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

လှိုင်မြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖောက်သွယ်တန်းနေမှု
စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် ဒီဇင်ဘာ ၂၅ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ လှိုင်မြစ်ကူး ရွှေပြည်သာတံတားအနီး၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော လှိုင်မြစ်ဖြတ် ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖောက်သွယ်တန်းနေမှု လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက HDD (Horizontal Directional Drilling)စက်ဖြင့် လှိုင်မြစ်အောက်မှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖောက်ဆက်သွယ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက Technically စေ့စပ်သေချာစွာ ဆောင်ရွက်သွားကြရန်နှင့် ဂရုပြုဆောင်ရွက်ရမည့် အချက်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြစ်ဖြတ်ပိုက်လိုင်း တူးဖောက်နေမှုလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယခုဆောင်ရွက်လျက်ရှိသည့် လှိုင်မြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို လှိုင်မြစ်ကြမ်းပြင်အောက် ၃၇ပေ အနက်မှနေ၍ တူးဖောက်ခြင်းဖြစ်ရာ အရှည် ၂၂၆၁ပေရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ ဆိုက်ဘာစီးတီး၌ ဖွင့်လှစ် နောက်ဆုံးပေါ်အိုင်စီတီနည်းပညာနှင့် ဆက်စပ်ပစ္စည်းများပြသ

သတင်းခရီးသည်-မြင့်မောင်စိုး ❖ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ❖ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၆

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများ လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်စေရန် ရည်ရွယ်လျက် ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်က ကြီးမှူးစီစဉ်သည့် အင္ဂမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက်က ပြင်ဦးလွင်မြို့အနီး ရတနာပုံဆိုက်ဘာစီးတီး၌ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

SM³ MM9 (ဖုန်းသုံးမြန်မာစာစနစ်)နှင့် ပတ်သက်၍ ကိုတင်မျိုးဟန်က ရှင်းပြစဉ်။
(မြန်မာ့အလင်း)

နည်းပညာ

မြန်မာ့အလင်းသတင်းအဖွဲ့သည် အဆိုပါ မြန်မာအိုင်စီတီပြပွဲကြီးသို့ သွားရောက်ကာ နောက်ဆုံးပေါ် တိုးတက်ပြောင်းလဲနေသော ဆက်သွယ်ရေး နည်းပညာများနှင့်စပ်လျဉ်း၍ လေ့လာခဲ့ပါသည်။ နိုင်သော မည်သည့်နေရာ ပြည်တွင်း၊ ပြည်ပမမဆို ယင်းစနစ်ကို သုံးစွဲ၍ ကြေးနန်း ပေးပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။

လျှင် ငွေကျပ် ၁၀၀၀၀(ကျပ်တစ်သောင်း) နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ယင်းကတ်မှ e-telegram တစ်ကြိမ်ပို့လျှင် ငွေကျပ်၃၀၀ ဖြတ်တောက်သွားပြီး တစ်နှစ်အထိ အသုံးပြုနိုင်ကြောင်း ဗဟုသုတအဖြစ် မှတ်သားရပါသည်။

ဆက်လက်၍ SM³ ၏ မိုလ်ဘိုင်းဖုန်းများပေါ်တွင် မြန်မာစာသုံး စနစ်များနှင့်ပတ်သက်ပြီး ဆက်လက်လေ့လာခဲ့သည်။ Nokia Smart ဖုန်းများပေါ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး Symbiam Application ဖြစ်သော SM³ mm9 (ဖုန်းသုံးမြန်မာစာစနစ်)ကို စတင်အသုံးပြုနိုင်မှုများအကြောင်း၊ မြန်မာစာတိုပို့စနစ်များအကြောင်း၊ နိုင်ငံတကာတွင် အကျော်ကြားဆုံး Oxford English Dictionary နှင့် မြန်မာနိုင်ငံတွင် အရောင်းရဆုံး၊ လူသုံးအများဆုံး သာလွန် အင်္ဂလိပ်- မြန်မာ အဘိဓာန်တို့ကို မိုလ်ဘိုင်းဖုန်းပေါ်တွင် အသုံးပြုနိုင်သော မိုလ်ဘိုင်းဖုန်း အဘိဓာန်အကြောင်း၊ မြန်မာ့ရိုးရာ ပြက္ခဒိန်၊ မိုလ်ဘိုင်းဖုန်းလမ်းညွှန်၊ မင်္ဂလာအခါပေးပြက္ခဒိန်တို့ကို မိုလ်ဘိုင်းဖုန်းတွင် အသုံးပြုနိုင်ရန် စနစ်များနှင့် ပတ်သက်ပြီး လေ့လာခွင့်ရခဲ့ပါသည်။ ယင်းမိုလ်ဘိုင်းဖုန်းသုံး မြန်မာစနစ်ဆော့ဖ်ဝဲလ်ကို ရန်ကုန်နှင့် မန္တလေးမြို့များရှိ မိုလ်ဘိုင်းဖုန်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

မြန်မာအိုင်စီတီ ရက်သတ္တပတ် ပွဲတော် ၂၀၀၉၌ ပြသထားသော အိုင်စီတီ ပစ္စည်းများကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

သတင်း အချက်အလက်နှင့် ဓာတ်ပုံများ၊ Video များ၊ အသံလိုင်းများကို တစ်နေရာတည်းမှ ရယူအသုံးပြုနိုင်မည့် အင်တာနက်စာမျက်နှာများကို တွေ့ရမည်ဖြစ်သည်။

ဖျော်ဖြေ

အဆိုပါ မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲကို ဒီဇင်ဘာ ၃၀ရက်အထိ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ဆက်လက် ပြသလျက်ရှိရာ အထူးအစီအစဉ်အဖြစ် စတိတ်ရှိုးများလည်း ထည့်သွင်းထားသည်။ ဒီဇင်ဘာ ၂၈ရက်တွင် နာမည်ကြီး အဆိုတော်များဖြစ်သည့် ဟန်ထွန်း၊ လင်းလင်း၊ ဂျီလက်၊ စောဖိုးခွား၊ နန္ဒ၊ ဝိုင်းစုခိုင်သိန်း၊ N ကိုင်ရာနှင့် Plus 3 Band တို့ကလည်းကောင်း၊ ဒီဇင်ဘာ ၂၉ရက်တွင် စိုင်းစိုင်းခမ်းလှိုင်နှင့် သူငယ်ချင်းများ၊ ရှသ၊ ဂျောက်ဂျက်၊ စန္ဒီမြင့်လွင်၊ အေသင်ချိုဆွေ၊ Chapter ၊ စိုင်းလုံ အစရှိသော အဆိုတော်များကလည်းကောင်း၊ ဒီဇင်ဘာ ၃၀ရက်တွင် ဇော်ဝင်းထွဋ်၊ အဲလက်စ်၊ ဟန်ထွန်း၊ နောနော်၊ ရှင်ဖုန်း၊ L ဆိုင်းဇီ၊ အိမ့်ချစ်၊ Hero Bandနှင့် Emperor Band တို့ကလည်းကောင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အိုင်တီနည်းပညာ စိတ်ဝင်စားသော ပြည်သူများ၊ အိုင်တီနည်းပညာ လေ့လာနေသော ကျောင်းသား ကျောင်းသူများနှင့် ဂီတချစ်မြတ်နိုးသူများအား သတင်းစကားပါးလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

အင္ဂမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်တွင် ဝယ်ယူသူများဖြင့် စည်ကားနေသည်။
(မြန်မာ့အလင်း)

မြန်မာ့ဆက်သွယ်ရေး

ရှေးဦးစွာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ e-telegram အကြောင်း သိကောင်းစရာများနှင့်စပ်လျဉ်း၍ ကြည့်ရှုလေ့လာခဲ့သည်။ e-telegram ဆိုသည်မှာ Online မှ တစ်ဆင့် ကြေးနန်း (e-telegram) ပေးပို့နိုင်သည့် စနစ်တစ်ခုဖြစ်သည်။ယခင်က ကြေးနန်းရုံးတွင် လူကိုယ်တိုင် သွားရောက်၍ ကြေးနန်းရိုက်ရသော်လည်း ယခုအခါ နီးစပ်ရာ e-telegram လုပ်ငန်းဆောင်ရွက်သည့် ကြေးနန်းရုံးများတွင်သာမက Online ချိတ်ဆက်

သုံးစွဲနိုင်သောနည်းလမ်း

e-telegram က ပေးပို့လိုသူသည် Online ချိတ်ဆက်လျက် www. etelegram. net. mm Website ရှိ အဆင်သင့် တယ်လီဂရမ်ဖောင်များကို အလွယ်တကူ ဖြည့်စွက်ပြီး ပေးပို့ရန်ဖြစ်သည်။ e-telegram နှုန်းထားများကို တစ်စောင် (မြန်မာစာလုံးအလုံး ၅၀၀)ကို ငွေကျပ် ၃၀၀ ကောက်ခံကြောင်း သိရသည်။ ယင်းပြပွဲတွင် e-telegram အတွက် Prepaid ကတ်များ ရောင်းချပေးလျက်ရှိရာ တစ်ကတ်

အင္ဂမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ၂၀၀၉ ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။
(မြန်မာ့အလင်း)

အိတ်ဆောင်တီပီဋက

တစ်ဖန် Alpha ကွန်ပျူတာ အရောင်းပြခန်းအတွင်း အိတ်ဆောင်တီပိဋကဟု အမည်ပေးထားသော Pocket Pe လေးကို စိတ်ဝင်စားမိ၍ လေ့လာခဲ့ပါသည်။ ယင်းအိတ်ဆောင်တီပိဋက ကွန်ပျူတာလေးမှာ ဂဏန်းပေါင်းစက် အရွယ်မျှသာရှိပြီး တန်ဖိုးအားဖြင့် ငွေကျပ် နှစ်သိန်းကျော် တန်ဖိုးရှိသည်။ ယင်းအိတ်ဆောင် ကွန်ပျူတာငယ်လေးအတွင်း ကျမ်းပေါင်း ၁၅၉ကျမ်း၊ စာအုပ်အားဖြင့် ၁၂၄အုပ်စာ ထည့်သွင်းထားသည်။

အသုံးပြုနိုင်

ဆက်လက်၍ Yatanarpon WEB Portal ၏ လွန်ခဲ့သော ၁၅နှစ်က ကွန်ပျူတာနှင့် ဆက်သွယ်ရေး နည်းပညာ ချိတ်ဆက် အသုံးပြုပြီး ကဏ္ဍပေါင်းစုံ သတင်းအချက်အလက်များစွာဖြင့် စုစည်းထားသည့် အင်တာနက် စာမျက်နှာများနှင့်လည်း ပတ်သက်၍ ဆက်လက်လေ့လာခဲ့ပါသည်။ ယင်းဝက်ဘ်ဆိုက်မှာ www. yatanarpon.com.mm ဖြစ်ပြီး

ကမ္ဘာ့ရုပ်ရှင်နေ့

နိုင်ငံတကာအနုပညာသတင်း ကြည်စိုးထွန်း

နေ့ရက်	-	*၁၈၉၅ခုနှစ် ဒီဇင်ဘာ ၂၈ရက်။*
နေရာ	-	*Grand Cafe, Hotel Scribe Bovlevard des Capucines, Paris*
ပရိသတ်	-	*၃၅ယောက်*
ရုံဝင်ခ	-	*တစ်ဖရန့်*
ပြသချိန်	-	*မိနစ် ၂၀*
ပြစက်	-	*Cinematographe*
ထုတ်လုပ်သူ	-	*Lowis Lumiere & Auguste Lumiere*

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၈ရက်သည် ရုပ်ရှင်မွေးဖွားလာသည့် (၁၁၄)နှစ်ပြည့်မြောက်သော နေ့ဖြစ်ပေသည်။ စင်စစ် ရုပ်ရှင်သည် သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု .... အစရှိသော အနုပညာရပ်များထက် လွန်စွာနောက်ကျပြီးမှ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်လေသည်။ နှစ်ပေါင်း (၁၀၀)ကျော်မျှသာ ကြာသေးသည်မို့ ရုပ်ရှင်သက်တမ်းကား အခြားအနုပညာရပ်များနှင့် နှိုင်းစာလျှင် လွန်စွာနုနယ်လှသေးသည်ဟု ဆိုနိုင်ပါသည်။

ယနေ့တိုင်တွေ့မြင်နေရ

သို့သော် သန္ဓေတည်ရသည့်အချိန်ကတော့ အတော်ကြာခဲ့ပါသည်။ ရှင်နေသော အရုပ်တွေကိုကြည့်ဖို့ စိတ်ကူးရလာသည့်ကာလကိုက .... ဟိုကျောက်ခေတ်လူသားတွေ ကျောက်ဂူတွေထဲမှာ နေစဉ်ကာလကတည်းက ဖြစ်ပါသည်။ ပြင်သစ်နိုင်ငံ 'Lascaux' ကျောက်ဂူတွေထဲမှာ ခုန်ပေါက်ပြေးလွှားနေသော သားကောင်များ၏ လှုပ်ရှားမှုကို သူတို့ ရေးဆွဲသွားခဲ့ကြသည်ကို ယနေ့တိုင် တွေ့မြင်နေကြရသည်။ လူသည် လှုပ်ရှားမှုကို နှစ်သက်စိတ်ရှိနေသည့် သဘောသဘာဝပင် ....။

သည်မှစ၍ အရုပ်ကလေးတွေကို လှုပ်ရှားအောင် လူတွေ ကြံဆတီထွင်လာခဲ့ကြသည်။ အင်ဒိုနီးရှား-ဂျာဗား ရုပ်သေးရုပ်တွေ၊ တရုတ်နိုင်ငံ အရိပ်ပြပွဲအရုပ်တွေမှသည် ဥရောပနိုင်ငံတစ်လွှား ငှက်နှင့်လှောင်အိမ်၊ စာအုပ်ထောင့်စွန်းတွင် ရေးထားသည့်အရုပ်များ (စာအုပ်၏ထောင့်မှ စာရွက်များကို လက်မဖြင့် တဖျပ်ဖျပ်နှိပ်ထားရာမှ လှန်သည့်အခါ) လှုပ်ရှားသွားပုံ....သည်မှ တစ်ဖန် ဓာတ်ပုံတွေပေါ်လာချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် ဓာတ်ပုံထဲက သက်ရှိသတ္တဝါတွေ လှုပ်ရှားမှုကို ဖလင်နှင့်ပြနိုင်ဖို့ ကြိုးစားလာကြသည်။

အရုပ်တွေ လှုပ်ရှားအောင် ကြိုးစားနေကြသည့်အချိန်က 'တစ်ချိန်ချိန်တွင် ဤလှုပ်ရှားသောအရုပ်များသည် အလွန်ဩဇာတိက္ကမကြီးမား၍ အံ့ဘနန်း စီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ်သို့ ရောက်လိမ့်မည်' ဟု မည်သူမျှ မတွေးခဲ့ကြ၊ အမေရိကန်နိုင်ငံမှ လျှပ်စစ်မီးလုံးတွေ၊ ဓာတ်စက်တွေမှအစ အမျိုးအမည်တစ်ထောင်ကျော်အထိ တီထွင်ခဲ့သူ 'သောမတ်စ်အက်ဒီဆင်' ကိုယ်တိုင်က ရုပ်ရှင်ကို ကလေးကစားစရာ အပျော်တမ်းလုပ်ငန်းတစ်ခုမျှလောက်....သာဟု အထင်ရှိကာ ရုပ်ရှင်တီထွင်မှုများကို သူ၏လက်ထောက် 'ဒစ်ဆင်'(Dickson) နှင့်သာ လွှဲထားလေ့ရှိသည်။

သဲသဲမဲမဲ

အရုပ်တွေရှင်လာဖို့ သဲသဲမဲမဲ ကြိုးစားနေသူများထဲတွင် အင်္ဂလန်မှ "မိုင်ဘရစ်"(Eadweard Muybridge)၊ ပြင်သစ်မှ "ဂျူးလ်စ်မာရေး" (Etienne Jules Marey)တို့လည်း ပါဝင်ကြသည်။

သည်မှတစ်ဆင့် ၁၈၉၅ခုနှစ် နိုဝင်ဘာ ၁ရက်တွင် ဂျာမနီနိုင်ငံသား 'မတ်က(စ) စကလင်ဒိုစကီ' (Max Sklandowsky) က သူ၏ ရုပ်ရှင်ရိုက်စက် (ပြစက်)ကို စက်မှုပညာရှင်များရှေ့မှောက် ထုတ်ဖော်ပြသလာသည်။ သို့သော် သူ့အရုပ်တွေက လှုပ်တော့လှုပ်သည်၊ သဘာဝမကျ၊ အရုပ်များကို တန်းစီပြထားမှန်း သိသာနေသည်။ ထို့ပြင် သူ့ 'စက်' ကို အစမ်းသဘောသာ ပြသရဲသေးသည်။ ပရိသတ်ကြားထဲ ချမပြခဲ့ပေ။

သူကဲ့သို့ပင် 'စက်' စမ်းပြနေသော ပြင်သစ်နိုင်ငံမှ 'လူမီးယားညီအစ်ကို' (Lowis & Auguste Lumiere) တို့ကမူ ကြော်ငြာဆိုင်းဘုတ်၊ လက်ကမ်းကြော်ငြာနှင့်တကွ ပရိသတ်ကို အခကြေးငွေယူပြီး ၁၈၉၅ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် ရုပ်ရှင်ကို စတင်ပြသခဲ့သည်။ ပထမပွဲ-ပရိသတ်ဦးရေ ၃၅ယောက်မှ တစ်စတစ်စ....ထောင်ချီလာသောအခါ ရုပ်ရှင်၏ ဆွဲဆောင်မှုအင်အားကို နိုင်ငံတိုင်းက သတိထားလာမိကြသည်။ ထို့ကြောင့် ထိုနေ့ကို ကမ္ဘာ့ရုပ်ရှင်မွေးဖွားလာသောနေ့အဖြစ် ရုပ်ရှင်သုတေသီတို့က သတ်မှတ်ခဲ့ကြသည်။

တွင်ကျယ်လာခဲ့

လွန်ခဲ့သော နှစ်ပေါင်း ၁၁၄နှစ်ကမူ.... Cinema ဆိုသော ဝေါဟာရ လူသိမများသေး။ လူမီးယားညီအစ်ကို တီထွင်သော ရုပ်ရှင်ရိုက်စက်/ပြစက်၏ အမည် Cinematographe ကို အစွဲပြုပြီးမှ Cinema ဆိုသော စကားက ရုပ်ရှင်ကို ကိုယ်စားပြုလာသည်အထိ တွင်ကျယ်လာခဲ့ရသည်။

ရုပ်ရှင်သည် စီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ်သို့ တစ်စတစ်စ ကြီးထွားရောက်ရှိလာသောအခါ ရုပ်ရှင်လောကသို့ စီးပွားရေးသမားများရော အနုပညာသမားများပါ ပါဝင်ပတ်သက်လာကြရသည်။

ရုပ်ရှင်အသံတိတ်ခေတ် ၁၈၉၅-၁၉၂၈အတွင်း ရုပ်ရှင်ကို ဖျော်ဖြေရေးသက်သက်မျှသာမဟုတ် ဩဇာကြီးမားသော အနုပညာရပ်တစ်ခုအဖြစ် ရောက်ရှိလာအောင် ပြင်သစ်မှ 'ဂျော့မယ်လီ'၊ အမေရိကန်မှ 'အက်ဒ်ဝင်အက်စ်ပေါ့တာ'၊ 'ဒီဒဗလျူဂရစ်ဖစ်'၊ ဂျာမနီမှ 'ရောဘတ်ဝိန်း' (Robert Weine)၊ အင်္ဂလန်မှ 'စီစီဟက်ပ်ဝပ်'၊ ရုရှားမှ 'ဆာဂေးအိုင်ဆင်စတိန်း' စသူတို့က ဖန်တီးလာနိုင်ခဲ့ကြသည်။

ကြီးကျယ်ခမ်းနား

ရုပ်ရှင်အသံထွက်လာသည့် ၁၉၂၈ခုနှစ် နောက်ပိုင်းတွင်လည်း ထူးခြားသော မှတ်တမ်းရုပ်ရှင်ဇာတ်ကားများ၊ လူဆိုးဂိုဏ်းခေါင်းဆောင် ရုပ်ရှင်ကားများ၊ ကောင်းဘွိုင်ရုပ်ရှင်ကားများ၊ 'ဘင်ဟာ'ကဲ့သို့သော ကြီးကျယ်ခမ်းနားသော ရာဇဝင်ရုပ်ရှင်ကားကြီးများ၊ ဂီတဇာတ်မြူးရုပ်ရှင်ကားများ၊ Neo-Realism ရုပ်ရှင်ကားများ၊ Film-Noir ရုပ်ရှင်ကားများ၊ ပြင်သစ် လှိုင်းသစ်ရုပ်ရှင်ကားများ၊ ဆေးရောင်စုံ မြင်ကွင်းကျယ် ရုပ်ရှင်ကားများ မြောက်မြားစွာ ထွက်ပေါ်လာခဲ့သည်။ ရုပ်ရှင်နှင့်အပြိုင် ၁၉၄၇ခုနှစ်တွင် ရုပ်ရှင်အသံကြားစက်များလည်း ပေါ်ထွန်းလာခဲ့သည်။

၁၉၇၇ခုနှစ်တွင် Star Wars ရုပ်ရှင်ကားမှစ၍ C.G.I ခေါ် ကွန်ပျူတာနည်းပညာရုပ်ရှင်များ ထွန်းကားခဲ့ပြီးနောက် ရုပ်ရှင်တွင် မဖြစ်နိုင်သောအရာဟူ၍ မရှိသလောက် ယုတ္တိရှိရှိ ဖန်ဆင်းတင်ဆက်နိုင်ခဲ့ကြပြန်သည်။ နှစ်ပေါင်း ၁၁၄နှစ်အတွင်း ရုပ်ရှင်နည်းပညာစွမ်းအားကား ကြောက်ခမန်းလိလိ ကြီးထွားလာသကဲ့သို့ စီးပွားရေးခွင်ကလည်း မတန်တဆ ကြီးမားလာခဲ့လေသည်။

အမျိုးသားရေးပြယုဂ်

စီးပွားရေးအမြင်ကျယ်သော နိုင်ငံကြီးများသည် ရုပ်ရှင်ကို စီးပွားရေးအတွက်သာမဟုတ် မိမိတို့နိုင်ငံ၏ အမျိုးသားရေးပြယုဂ်၊ ယဉ်ကျေးမှုအမှတ်အသားဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ (ဥပမာ-ဟောလီးဝုဒ်၊ ဘောလီးဝုဒ်၊ တောင်ကိုရီးယား၊ တရုတ်နိုင်ငံ)

စင်စစ်ရုပ်ရှင်သည် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကိုပြသော ပြဒါးတိုင်နှင့် တူလှသည်။ နိုင်ငံတစ်နိုင်ငံ၏ ရုပ်ရှင်ကိုကြည့်ကာမျှနှင့် ယင်းနိုင်ငံ၏ အနုပညာအရည်အသွေး၊ ယင်းနိုင်ငံ၏ အဘက်ဘက်က တိုးတက်မှုတို့ကို တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

ကမ္ဘာ့ရုပ်ရှင်နေ့ဖြစ်သော ဒီဇင်ဘာ ၂၈ရက်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်ပြတိုက်၏ အားပေးကူညီမှုဖြင့် မြန်မာ့ရုပ်မြင်သံကြား MRTV-4 မှ Citizen Kane အမည်ရှိ ရုပ်ရှင်ကား ပြသပေးမည်ဖြစ်ပါသည်။

နိုင်ငံတကာရုပ်ရှင်အမြင်ကြီးမားသူများ၊ ဝေဖန်ရေးဆရာများ၊ ရုပ်ရှင်သမိုင်းရေးဆရာများ အားလုံးလိုလိုက ယနေ့တိုင် 'အနုပညာမြောက်ရုပ်ရှင်ကား' အဖြစ် သတ်မှတ်ထားသော Citizen Kane ရုပ်ရှင်ကား၏ အနုပညာအရည်အသွေး၊ ကြည့်ရှုအကဲခတ်ကြရန် ကမ္ဘာ့ရုပ်ရှင်နေ့ အခါသမယတွင် စေတနာဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ရောဂါကင်းလို့ ကျန်းမာဖို့ နေ့စဉ်နေ့တိုင်း လမ်းလျှောက်စို့

မောင်လူမွန် (တိုင်းရင်းဆေးသုတေသန/ဖွံ့ဖြိုးရေး)

လူ့ဘဝကိုရလာသည့်သူတိုင်း အလိုချင်အတောင့်တဆုံးအရာသည် အနာကင်းဝေး ကျန်းမာရေးဖြစ်၏။ တစ်နည်းအားဖြင့် လူ့ဘဝခဏတာရရှိချိန်တွင် ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစွာ သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးပင် ဖြစ်၏။ ``အာရောဂျ ပရမံ လာဘံ'' ဟူသည့်အတိုင်း ကျန်းမာခြင်းသည် အကြီးမြတ်ဆုံးသော လာဘ်ပင်ဖြစ်ကြောင်း ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့ပေ၏။ ငွေကြေးဥစ္စာခနေ မည်မျှပင် ကြွယ်ဝချမ်းသာစေကာမူ အနာရောဂါများ ထူပြောနေပါက စည်းစိမ်ချမ်းသာကို အပြည့်အဝခံစား၊ စံစားရမည်မဟုတ်ပေ။ အနာရောဂါကင်းစင်၍ ကျန်းမာသုခပြည့်စုံပါက လောကီ-လောကုတ္တရာ နှစ်ဖြာသောအကျိုးစီးပွားကို ပွားများအားထုတ် ကြံဆောင်နိုင်ကြမည်သာ ဖြစ်၏။

မြန်မာ့တိုင်းရင်းဆေးပညာတွင် ကံ-စိတ်-ဥတု-အာဟာရ ဟူသည့် သမုဋ္ဌာန်လေးပါးသည် များစွာအရေးပါလှ၏။ သတ္တဝါ တစ်ဦးတစ်ယောက် စတင်ဖြစ်ပေါ်လာစေရန် လည်းကောင်း အသစ်သစ်သော ရုပ်နာမ်တရားတို့၌ ဖြစ်ပေါ်စေရန်လည်းကောင်း အခြေခံထောက်ပံ့လိုက်သောအကြောင်းကို မူလအကြောင်း၊ သို့မဟုတ် ဇနကအကြောင်းဟုဆို၏။ ရုပ်နာမ်တရားတို့ အပြည့်အစုံဖြစ်ပြီးသော သတ္တဝါ၏ သဏ္ဌာန်၌ သက်ဆိုင်ရာ ဇီဝလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ကူညီထောက်ပံ့ပေးလိုက်သော အကြောင်းများကိုမူလ ဘူတအကြောင်း၊ သို့မဟုတ် ဥပထမ္ဘကအကြောင်းဟု ဆိုလိုပါသည်။ ၄င်းမူလအကြောင်းနှင့် ဘူတအကြောင်းတို့အနက် မူလအကြောင်းလေးပါးကို သမုဋ္ဌာန်လေးပါးဟု ခေါ်ဆို သိမှတ်ကြ၏။

မူလခေါ်အကြောင်းတရား လေးမျိုးမှာ-

၁။ ကံ *(စေတနာဟုဆိုအပ်သော သင်္ခါရ)*

၂။ စိတ် *(ရုပ်ကိုဖြစ်စေတတ်သော နာမ်တရား)*

၃။ ဥတု *(ပူမှု၊ အေးမှုဟု ဆိုအပ်သော တေဇောဓာတ်)*

၄။ အာဟာရ *(အဆီအစေး၊ အနှစ်ဟုဆိုအပ်သော ဩဇာ)*

တို့ဖြစ်ပါသည်။

သတ္တဝါတစ်ဦးတစ်ယောက်၏ ကောင်းမှု၊ မကောင်းမှုများကို ပြုလုပ်စဉ်က တွဲဖက်ပါရှိခဲ့သော စေတနာကို ကံဟု ဆို၏။ စေတနာကံတရားတို့၏ သဘောသည် ချုပ်ပြီးသည်၏ နောက်၌သာ အကျိုးပြုထောက်ပံ့တတ်သော သဘောနိယာမ မရှိခြင်းကြောင့် အတိတ်ကမ္ဘာပေါင်းများစွာက ပြုလုပ်ခဲ့သော စေတနာကံတရားတို့သည် ယခု ပစ္စုပ္ပန်မျက်မှောက်ကာလ၌ အကျိုးပေး ထောက်ပံ့နိုင်ကြသည့်နည်းတူ ယခု ပစ္စုပ္ပန်မျက်မှောက် ကာလမှ ပြုလုပ်အပ်သော စေတနာကံတရားတို့ကလည်း နောင်အနာဂတ် ကမ္ဘာပေါင်းများစွာသို့တိုင် အကျိုးပေး ထောက်ပံ့နိုင်မည်ဖြစ်၏။ ကံဟူသောသဘောကို **ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေသော ခရီးဆောင် မြန်မာအဘိဓာန်တွင် - ကံ။** *န-၁။ ကိုယ်-နှုတ်-စိတ်တစ်ခုခုဖြင့် ပြုလုပ်သောအမှု။ ကောင်းကျိုးမကောင်းကျိုးကိုဖြစ်စေသော အကြောင်း၊ ၂။ (သဒ္ဒါ) ပြုလုပ်ခြင်းခံရသောသူ၊ အရာကိုပြသောပုဒ်။ (ပါ၊ကမ္မ)ဟု ဖွင့်ဆိုထားသည်ကို တွေ့ရ၏။*

လူသားတို့သည် ထ-ထိုင်-လျောင်း-သွားဟူသည့် ဣရိယာပုတ်လေးပါးကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရလေ၏။ ကျန်းမာရေးဂရုစိုက်သော သူသည် ဖော်ပြပါ ဣရိယာပုတ်လေးပါးအား ညီညွတ်မျှတအောင်ဆောင်ရွက်ရာ၏။ တစ်ချိန်လုံးမတ်တပ်ရပ်လျက် အနေအထားဖြင့်သော် လည်းကောင်း၊ နေ့ညမနားဘဲ ထိုင်၍အလုပ်လုပ်ခြင်းသည် လည်းကောင်း၊ အိပ်ရာခုတင်ပေါ်တွင် လူမမာကဲ့သို့ တစ်ချိန်လုံးအိပ်စက်နေခြင်းသည် လည်းကောင်း၊ မနားတမ်း လမ်းလျှောက်နေခြင်းသည်လည်းကောင်း ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေးကို ရရှိခံစားနိုင်မည်မဟုတ်ချေ။ အလုပ်လုပ်ချိန်လုပ်၊ နားချိန်နား၊ စားချိန်စား၊ ကိုယ်လက်လှုပ်ရှားအားကစား လုပ်ချိန်လုပ်မှသာလျှင် စိတ်ဖိစီးမှုလျော့နည်းကာ မိမိ၏ကျန်းမာရေးကို မိမိကိုယ်တိုင် စောင့်ရှောက်နိုင်မည်ဖြစ်ပေ၏။ ထို့အတူ စိတ်ဖိစီးမှုမရှိစေရေး၊ သောကကင်းဝေးရေး၊ စိတ်ချမ်းသာရေးမှာလည်း များစွာအရေးပါ၏။ ကမ္ဘာပေါ်တွင် ကိုယ်ခန္ဓာတွင်ဖြစ်သော အနာရောဂါထက် စိတ်တွင်ဖြစ်သော၊ စိတ်ကြောင့်ဖြစ်သော ရောဂါများမှာ ပိုမို၍များပြားကြောင်း သုတေသနပြုလုပ်ချက်များက ဖော်ပြလျက်ရှိ၏။ ဥတုနှင့် အာဟာရသည် ကျန်းမာရေးအတွက် ကမ္မ(ကံ)နှင့် စိတ်တို့ကဲ့သို့ လွန်စွာအရေးပါ၏။ ဥတု ဖောက်ပြန်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲကာ သက်ရှိတို့၏ ကျန်းမာရေးကို ကမောက်ကမဖြစ်စေနိုင်၏။ မြန်မာ့တိုင်းရင်းဆေးပညာအရ ပြင်ပ ပတ်ဝန်းကျင်ရှိ ဥတုကဲ့သို့ ခန္ဓာကိုယ်အတွင်းရှိ ပူခြင်း-အေးခြင်းသဘော (တေဇောဓာတ်)သည် အထူးအရေးပါလှ၏။ ဓာတ်ကြီးလေးပါးတွင် အကြောင်းဓာတ်ဖြစ်သော တေဇောဓာတ် ညီညွတ်မျှတ မှန်ကန်မှသာ ကျန်ဓာတ်များလွန်ခြင်း၊ အားနည်းခြင်း၊ ပျက်စီးခြင်းတို့ ကင်းဝေးလျက် ကျန်းမာရေးသုခ ရရှိခံစားနိုင်မည်ဖြစ်ပေ၏။ ထို့အပြင် သက်ရှိတို့သည် အစာအာဟာရဖြင့်သာ အသက်ရှင်ရပ်တည်နေကြရ၍ အစာအာဟာရကို မျှတအောင်မှီဝဲရန် များစွာအရေးကြီး၏။

အနာရောဂါများ အလွယ်တကူ မဝင်ရောက်စေရန်၊ ကျန်းမာသန်စွမ်းစေရန်၊ အနာကင်း၍ အသက်ရှည်စေရန် ဆောင်ရွက်ဖွယ်များစွာ ရှိသည့်အနက် အထူးအရေးပါသည့် အချက်မှာ နေ့စဉ်အချိန်မှန် လမ်းလျှောက်သည့် အလေ့အကျင့်ပင် ဖြစ်ပေ၏။ အဆိုပါလမ်းလျှောက်ခြင်းကို တာဝန်ဝတ္တရားတစ်ရပ်အဖြစ် မှတ်ယူကာ သတိထားလျက် စနစ်တကျ အချိန်မှန်မပျက်မကွက်ပြုလုပ်သင့်၏။ ယနေ့ခေတ်အခါ ကမ္ဘာတစ်ဝန်းလုံး စက်မှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာရပ်များဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ လူနေမှုဘဝဟန်ပန်များ ပြောင်းလဲလာခြင်းကြောင့် လမ်းလျှောက်ခြင်းဖြင့် အချိန်ကုန်မခံဘဲ မော်တော်ကား၊ မီးရထား၊ မော်တော်ဆိုင်ကယ် အစရှိသည့်ယာဉ်မျိုးစုံကို အသုံးပြုလာကြခြင်းကြောင့် ဣရိယာပုတ်မျှတခြင်းမရှိဘဲ ရောဂါဘယထူပြောလာကြ၏။ သို့ရာတွင် ကျေးလက်ဒေသ နေထိုင်သူအများစုမှာ မိမိတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက် ထင်းခွေခြင်း၊ ရေခပ်ခြင်း စသည့် နိစ္စဓူဝလုပ်ငန်းများ မပျက်မကွက်ဆောင်ရွက်ကြ၏။ ညနေစောင်းတွင် ခြင်းခတ်ခြင်း၊ ဘောလုံးကန်ခြင်း စသည့် ကိုယ်လက်လှုပ်ရှား အားကစားနည်းများမှ တစ်မျိုးမျိုးကိုလည်း ကစားလေ့ရှိ၏။ လယ်ထွန်ရာ၌ လည်းကောင်း၊ ကောက်စိုက်၊ ပျိုးနှုတ်ရာ၌လည်းကောင်း၊ လယ်ယာလုပ်ငန်းခွင်သို့ နံနက်-နေ့-ညနေ နေ့၊ ညမဟူလမ်းလျှောက်သွားလေ့ရှိ၏။ သို့ဖြစ်၍ ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အထကောင်းများ ရှိသည်ဟု ဆိုနိုင်၏။

အဆီပို၍ အဝလွန်နေသူများ၊ သွေးတိုး-လေဖြတ်သူများ၊ ဆီးချို သွေးချိုရောဂါရှင်များ ကျေးလက်ဒေသများတွင် မရှိသလောက် နည်းပါးလှကြောင်း တွေ့ရလေ၏။ မြို့ပြဒေသများတွင် ဣရိယာပုတ် လေးပါးအနက် ထိုင်ခြင်း၊ အိပ်ခြင်း ဣရိယာပုတ်သည် ထခြင်း၊ သွားခြင်း(လမ်းလျှောက်ခြင်း)ထက် ပို၍များနေသဖြင့် ဆီး-ဝမ်း-လေဖောက်ပြန်ကာ သွေးလေမညီညွတ်တော့ဘဲ အနာရောဂါများ ထူပြောလာခြင်းဖြစ်လေ၏။ ယခုအခါတွင်မူ မိမိတို့၏ ကျန်းမာရေးကို ယခင် ကာလများထက် ပိုမိုဂရုစိုက်လာကြပြီဖြစ်၍ လမ်းလျှောက်ခြင်း Walking၊ သို့မဟုတ် အနေးပြေးခြင်း Jogging ကို တစ်နေ့လျှင် နာရီဝက်မှ တစ်နာရီခန့်အထိ အချိန်ပေး၍ ပြုလုပ်လာကြကြောင်း တွေ့ရ၏။ အချို့မှာ ကြိုးခုန်၏။ အချို့မှာ ခြင်းခတ်၏။ အချို့မှာမူ ရေကူး၏၊ အချို့မှာမူ နံနက်သာမက ညနေပိုင်းတွင်ပါ ကိုယ်လက်လှုပ်ရှား ပြုလုပ်ကြ၏။ ယင်းသို့ပြုလုပ်ခြင်းဖြင့် အကြောပြေစေခြင်း၊ အကြောအခြင်များ သန်စွမ်းစေခြင်း၊ စိတ်ကြည်လင်စေခြင်း၊ လေကောင်းလေသန့်ရှူရှိုက်ရ၍ အဆုတ်နှင့် နှလုံးကျန်းမာရေးကောင်းမွန်ခြင်း၊ကြွက်သားများသန်စွမ်းခြင်း၊ အစာကြေညက်စေခြင်း၊ သွေးလှည့်ပတ်မှုမှန်ကန်စေသဖြင့် ဆီး-ဝမ်း-သွေး-လေညီညွတ်မျှတစေခြင်း၊ ဓာတ်ကြီးလေးပါးမျှတစေခြင်း၊ ကိုယ်ခံစွမ်းအား တိုးတက်စေခြင်း စသည့် အကျိုးတရားတို့ ခံစားရရှိနိုင်၏။

စာပေကျမ်းဂန်များတွင် လမ်းလျှောက်ခြင်း (စင်္ကြံလျှောက်ခြင်း)နှင့် ပတ်သက်၍ အကျိုးငါးပါးရှိကြောင်း မှတ်သားစဖွယ် လင်္ကာဖွဲ့ဆိုထား၏။ ၄င်းလင်္ကာမှာ ``**ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေကျက်၊မပျက်သမာဓိ၊ ငါးမျိုးရှိ များ၏စင်္ကြံအကျိုးတည်း**'' ဟူ၍ ဖြစ်၏။ အဓိပ္ပာယ်မှာ များစွာ ရိုးရှင်း၍ လူတိုင်းနားလည်နိုင်သဖြင့် လင်္ကာအား စကားပြေပြန်ဆိုခြင်း မပြုတော့ပါ။

ယခုဆောင်းပါးတွင် အလျဉ်းသင့်၍ စာရေးသူအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထုတ်ပြန်ထားသည့် ``သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့'' ခေါင်းစဉ်ပါ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်ကို လူတိုင်းတန်ဖိုးထား၍ လက်တွေ့လိုက်နာကျင့်သုံးတတ်ကြစေရန် မူရင်းအတိုင်း ဖော်ပြလိုပေ၏။

``သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့''

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

လမ်းလျှောက်ခြင်းသည်

၁။ သွေးတိုး ကျစေသည်။

၂။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။

၃။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။

၄။ အရိုးများ ကြံ့ခိုင်သန်စွမ်းစေသည်။

၅။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။

၆။ ကြွက်သားများ သန်စွမ်းဖျတ်လတ်စေသည်။

၇။ သွေးအတွင်းမှ အဆီကျစေသည်။

၈။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။

၉။ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ဆောင်ရွက်နိုင်သည်။

ရောဂါဘယများကင်း၍ အသက်ရှည် ကျန်းမာကြစေရန် မိသားစု တစ်စုလုံး နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

စာရေးသူအနေဖြင့် ယခုဖော်ပြခဲ့သည့် နှိုးဆော်ချက်သည် လွန်စွာတန်ဖိုးရှိသည့် ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်ဟု မှတ်ယူ၏။ ယခုအခါ ဒီဇင်ဘာလကုန်သို့ ရောက်ရှိပြီဖြစ်၍ လမ်းလျှောက်သူများ အထူးနှစ်ခြိုက်သော ကာလဟု ဆိုရမည်ဖြစ်၏။ နံနက်ပိုင်းနှင့် ညပိုင်းကာလများတွင် မြောက်ပြန်လေတိုက်ခတ်ရာတွင် ပါဝင်သော ဆောင်းနှင်းမြူများကြောင့် တဖြည်းဖြည်း အေးမြလာပြီဖြစ်ပေ၏။ သို့ရာတွင် ပွင့်လင်းရာသီ ဖြစ်သည့်အတိုင်း နံနက်တစ်ခါ၊ ညတစ်ခါ လမ်းလျှောက်လိုသူများအတွက် အထူးကောင်းမွန်လှပေ၏။ ``**ဘယ်သူမပြု မိမိမှု**'' ဆိုသကဲ့သို့ သွေးတိုး၊ လေဖြတ်လေငန်း၊ ဆီးချို၊ နှလုံး၊ ပန်းနာ စသည့်ရောဂါများ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် နေ့စဉ်လမ်းလျှောက်ပေးရန် လိုမည်ဖြစ်၏။ သို့ဖြစ်ရကား ကျား၊ မ မရွေး၊ အသက်အရွယ်မရွေး လူတိုင်းအလွယ်တကူ ဆောင်ရွက်နိုင်ပြီး ငွေကုန်ကြေးကျ မရှိသည့် စနစ်တကျလမ်းလျှောက်ခြင်းကို ယခုအချိန်က စတင်၍ နေ့စဉ်မှန်မှန် ဆောင်ရွက်နိုင်ကြစေရန် ``**ရောဂါကင်းလို့ ကျန်းမာဖို့ နေ့စဉ်နေ့တိုင်း လမ်းလျှောက်စို့**'' ဟု နှိုးဆော် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လမ်းလျှောက်ကြစို့

နှင်းမှုန်ဖွေးဖွေး၊ ဆောင်းအေးအေး
နွေးထွေးစေဖို့၊ လမ်းလျှောက်စို့။
ဝေလီဝေလင်း၊ နံနက်ခင်း
ရှုခင်းကြည့်ဖို့၊ လမ်းလျှောက်စို့။
ညနေဆည်းဆာ၊ အလှဖြာ
ကျန်းမာစေဖို့၊ လမ်းလျှောက်စို့။
သွေးတိုးလည်းကျ၊ အဆီကျ
လှပစေဖို့၊ လမ်းလျှောက်စို့။
အချိုဓာတ်ကင်း၊ စိတ်သန့်ရှင်း
ဘေးကင်းစေဖို့၊ လမ်းလျှောက်စို့။
ဉာဏ်ရည်ထက်မြက်၊ လန်းဆန်းတက်
သွက်လက်စေဖို့၊ လမ်းလျှောက်စို့။
နှလုံးကြံ့ခိုင်၊ အရိုးတိုင်
ကြံ့ခိုင်စေဖို့၊ လမ်းလျှောက်စို့။
အညောင်းလည်းပြေ၊ အပန်းဖြေ
သက်ရှည်စေဖို့၊ လမ်းလျှောက်စို့။ ။

တက္ကသိုလ်ညိုညိုသန့်

ရန်ကင်းမြို့နယ် အခန်း ၁၆ တိုက် (၂၉၀)နေ ဒေါ်စိုးစိုးဝင်း ၄၉နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဦးသန်း ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဒေါက်တာခင်သောင်းတင်တို့က အစ်ကိုဖြစ်သူ ဦးမျိုးသန်းထွန်းအားရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဇဟိုသို့ အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၅၀) ထွက်ပြီ

ရန်ကုန် ဒီဇင်ဘာ ၂၆

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၅၀)၌ **ခြင်းဝိုင်းတစ်ဝိုင်း၊ ပန်းခင်းတစ်ခင်းနှင့် အလှကိုယ်စီကဗျာလိပ်ပြာ ရစ်ဝဲကြည့်ခြင်း ကိုကို(စက်မှုတက္ကသိုလ်)၏ အမှတ်တရစကား၊ ၂၀၀၉ ကောက်ကြောင်းနှင့် ၂၀၁၀ခုနှစ် အိပ်မက်ပုံရိပ်လွှာ အထူးသုံးသပ် သတင်းဆောင်းပါးနှင့်အတူ** ရန်ကုန်တိုင်းလူဦးရေစာရင်းကောက်ယူပြီ စသည့်ပြည်တွင်းရေးရာ သတင်းများ၊ **၂၀၁၀ခုနှစ် မှာ နယ်စပ်ကုန်သွယ်ရေး ဘာတွေပြောင်းလို့ ဘာတွေကောင်းလာမလဲ၊ သတင်းများက ပြောပြခဲ့သော ၂၀၀၉ခုနှစ် မြင်ကွင်း၊ ဘယ်လိုလာမလဲ ကားဈေးကွက်၊ ၂၀၁၀ခုနှစ် မြန်မာနေရှင်နယ်လိဂ်ကန်ချက် ဘယ်လိုထွက်လာမလဲ ပြည်တွင်း နှစ်ချုပ်သုံးသပ်ချက်များ၊ ကြီးပွားလိုကလှမ်းလာပါ မော်ဟန်ရှာ၊ မော်ဟန် နမချီမော့သို့သာ** Myanmar DISCOVERY၊ စက်ပြင်ဆရာကိုကိုလေး၏ သူ့ဘဝ သူ့ဒဿန **လူတိုင်းကို ရိုးသားစေချင်တယ်၊ ဘုရားဟောသောစကားနှစ်ခွန်း** ကဲ့သို့သော ဖတ်စရာ၊ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

အမေရိကရဲ့စီးပွားရေးမှာ ကြီးမားတဲ့စိန်ခေါ်မှုတွေရှိနေတယ် အမေရိကန်စီးပွားရေး ပြန်လည်နာလန်ထူရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ ပေါလ်ဗော့ကာနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အီရန်၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုက အနောက်အား အထိတ်တလန့်ဖြစ်စေခဲ့၊ စင်ကာပူပညာရေး စီးပွားရေးကျဆင်းမှုနှင့် ပုဂ္ဂလိကကျောင်းများ၏ မကောင်းသတင်းကြောင့် ယိုယွင်းလာ၊ တရုတ်(တိုင်ပေ) စီးပွားရေးလုပ်ငန်းရှင် ဇန်ကောက်တွင် ပြန်ပေးဆွဲခံရ၊ အိမ်ထောင်ပြုခြင်းသည် ကျန်းမာရေးအတွက် ကောင်းမွန်၊ တစ်နေ့လျှင် လက်ဖက်ရည်သုံးခွက်သောက်ပါက ဆီးချိုရောဂါကင်းဝေး စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၁၂-၂၀၀၉)ရက်နေ့

၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွက်

(၁၀-၁-၂၀၁၀) ရက်နေ့

နှင့်

(၃၁-၁-၂၀၁၀) ရက်နေ့

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဆယ်စုနှစ် အကောင်းဆုံးဘောလုံးအသင်း သူတို့ကိုရွေးချယ်

ရေးသားသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း

လန်ဒန် ဒီဇင်ဘာ ၂၆

၂၀၀၉ခုနှစ်ကုန်ဆုံးတော့မည်။ ကမ္ဘာ့ဘောလုံးလောက၌ နှစ်တစ်နှစ်ကုန်ဆုံးချိန်ရောက်တိုင်း တစ်နှစ်တာအကောင်းဆုံးဆုများ ရွေးချယ်ချီးမြှင့်သည့် အစဉ်အလာရှိသည်။ ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံးဘောလုံးသမားဆု၊ အကောင်းဆုံးဘောလုံးအသင်း၊ အကောင်းဆုံးဂိုး စသည့်ဆုများ ရွေးချယ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

ဆယ်စုနှစ်

ယခုအခါ ESPN Soccernet က ရွေးချယ်သည့် ဆယ်စုနှစ်အတွင်း အကောင်းဆုံးဘောလုံးအသင်းအတွက် နေရာလိုက်ကစားသမားများ၏ အမည်စာရင်းကို ဒီဇင်ဘာ ၂၅ ရက်က ထုတ်ပြန်လိုက်သည်။ ထိုသို့ဆယ်စုနှစ် အကောင်းဆုံးဘောလုံးအသင်းအတွက် ဘောလုံးသမားများကို နေရာအခင်းအကျင်း ၄း ၂း ၃း ၁ကိုအခြေပြုပြီး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ESPN Soccernet က နေရာအလိုက်အကောင်းဆုံး ဘောလုံးသမား ၁၁ဦးကို ရွေးချယ်ခဲ့ရာတွင် -

ဘတ်ဖွန်း (ဂိုး)

ကမ္ဘာ့အကောင်းဆုံးဂိုးသမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။ အီတလီအသင်းလက်ရွေးစင်ဂိုးသမားဖြစ်ပြီး ဂိုးဧရိယာ ၁၈ကိုက်အတွင်း၌ ဂိုးမပေးရရေး ထူးထူးခြားခြား ကာကွယ်နိုင်သူဖြစ်သည်။ မိခင်အီတလီအသင်းကို ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားနှင့် ယူရို ၂၀၀၈တို့၌ ဖလားဆွတ်ခူးနိုင်ရန် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ၂၀၀၁ခုနှစ်က ပါးမားကလပ်မှနေ၍ ဂျူဗင်းတပ်စ်အသင်းသို့ပြောင်းရွှေ့ကြေး ယူရို ၅၁ဒသမ၅သန်း ဖြင့် ရောက်ရှိလာသူဖြစ်သည်။

ကာဖူး (နောက်တန်း၊ ညာအစွန်)

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဆွတ်ခူးခဲ့ရာတွင် ဘရာဇီးအသင်းကို ခေါင်းဆောင်ခဲ့သူဖြစ်သည်။ တိုက်စစ်ကို လိုက်ပါပံ့ပိုးပေးနိုင်သလို ခံစစ်ကိုလည်းလုံအောင်ကစားနိုင်သည်။ ရိုးမားနှင့် အေစီမီလန်တို့တွင် အချိန်ကြာမြင့်စွာကစားခဲ့သည်။ ၂၀၀၇ ခုနှစ် ချန်ပီယံလိဂ်ဖလားကို အေစီမီလန်ဆွတ်ခူးရာ၌ စွမ်းဆောင်ပေးနိုင်ခဲ့သူ ဖြစ်သည်။ အေစီမီလန်အသင်း၌ ၂၀၀၈ခုနှစ်အထိ ကစားခဲ့ပြီး အသက်အရွယ်ကြောင့် ဘောလုံးကစားခြင်းမှ အနားယူခဲ့သူဖြစ်သည်။

ကင်နာဗာရို (ဗဟိုခံစစ်မှူး)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆု ချီးမြှင့်သည့်သမိုင်း၌ ပထမဆုံးရရှိခဲ့သည့် နောက်တန်းဗဟိုခံစစ်မှူးအဖြစ် မှတ်တမ်းတင်ထားသူဖြစ်သည်။ ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားကိုဆွတ်ခူးခဲ့ရာ၌ အီတလီအသင်းကို ဦးဆောင်ခဲ့သူလည်းဖြစ်သည်။ ဂျူဗင်းတပ်စ်နှင့် ရီးရဲမက်ဒရစ်တို့၌ ကစားခဲ့သူဖြစ်ပြီး တစ်ဖက်အသင်းတိုက်စစ်ကို ဟန့်တားရာ၌ ထူးချွန်သူဖြစ်သည်။

မာလ်ဒီနီ (ဗဟိုခံစစ်မှူး)

၁၉၉၀ပြည့်လွန်နှစ်များက လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သူဖြစ်သည်။ အေစီမီလန်အသင်း ခေါင်းဆောင်အဖြစ် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၇ခုနှစ် များက ချန်ပီယံလိဂ်ဖလားနှစ်ကြိမ် ရယူပေးနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ် ချန်ပီယံလိဂ်ပွဲစဉ်၌ ပွဲအစ ၅၁ စက္ကန့်အတွင်း ဂိုးသွင်းနိုင်ခဲ့သူလည်းဖြစ်သည်။ ကမ္ဘာပေါ်၌ အမှားအယွင်းအနည်းဆုံး ခံစစ်မှူးဖြစ်သည်။

ရောဘတ်တိုကာလို့စ် (နောက်တန်း၊ ဘယ်အစွန်)

တိုက်စစ်အားသန်သည့် ခံစစ်မှူးဖြစ်ပြီး ဘရာဇီးအသင်း၌ ကာဖူးနှင့်အတူ ပူးတွဲနာမည်ကြီးခဲ့သူဖြစ်သည်။ ရီးရဲမက်ဒရစ်၌ကစားစဉ် ကမ္ဘာ့အကောင်းဆုံး ဝဲဘက်ခံစစ်မှူးအဖြစ် ဇီဒန်းက အသိအမှတ်ပြုခဲ့သည်။ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆု စဉ်းစားပေးရန် ဖီဖာသို့ ဇီဒန်းကိုယ်တိုင် အကြံပြုခံခဲ့ရသူလည်း ဖြစ်သည်။

မက်ခ်လီလီ (အလယ်တန်း)

ခေတ်သစ်ကွင်းလယ်ကစားဟန်ကို ပထမဆုံး ပုံဖော်ကစားခဲ့သူဖြစ်သည်။ မိခင်ပြင်သစ်အသင်းနှင့် ရီးရဲမက်ဒရစ်တို့၌ တိုက်စစ်၊ ခံစစ်ကို ပွဲချိန်တစ်လျှောက်လုံး မရပ်မနား ပြေးလွှားကစားနိုင်သူဖြစ်သည်။ ၂၀၀၃ ခုနှစ်၌ မော်ရင်ဟိုက ချယ်လ်ဆီးသို့ခေါ်ယူခဲ့သည်။ ကွင်းလယ်ကစားကွက်ကို နိုင်နင်းစွာကစားနိုင်သူဖြစ်သည်။

ပီရာလို(အလယ်တန်း)

ဆယ်စုနှစ်အတွင်း ခေတ်ပြိုင် ကွင်းလယ်ဘောလုံးသမားများဖြစ်သည့် ဇာဗီး၊ အလွန်ဆို၊ ရီဂွယ်မီ၊ ပေါလ်စခိုး၊ ဗီရှန်တို့ထက် ထူးချွန်စွာ ကစားနိုင်သူဖြစ်သည်။ ကွင်းလယ်မှ တိုက်စစ်ကို ပံ့ပိုးရာ၌ အထူးချွန်ဆုံးဖြစ်သည်။ အေစီမီလန်အတွက် ချန်ပီယံဖလားနှစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သည်။ မိခင်အီတလီ အသင်းအတွက်လည်း ကမ္ဘာ့ဖလား တစ်ကြိမ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ဇီဒန်း(ကွင်းလယ်တိုက်စစ်)

ဆယ်စုနှစ်အတွင်း အထူးခြားဆုံး ဘောလုံးသမားဖြစ်သည်။ ဇီဇူးဟု ချစ်စနိုးအမည်ခေါ်ကြပြီး ဖြတ်ထိုးဉာဏ်ကောင်းကောင်းဖြင့် ကစားတတ်သူဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့သူဖြစ်ပြီး ကွင်းလယ်တိုက်စစ်ဆင်ကာ ဂိုးသွင်းနိုင်သူ ဖြစ်သည်။

ဆယ်စုနှစ်ကမ္ဘာ့အကောင်းဆုံးအသင်းအတွက် ရွေးချယ်ထားသည့် ဇီဒန်း(ဝဲစွန်)၊ မက်ဆီ(ဝဲ-ဒု)၊ ကင်နာဗာရို(ယာ-ဒု)နှင့် ဘတ်ဖွန်း(ယာစွန်)တို့ကို ဤသို့တွေ့ရသည်။ (အင်တာနက်)

မက်ဆီ[တောင်ပံ(ယာ)]

မာရာဒိုနာ၊ ဇီဒန်းနှင့် ရော်နယ်ဒိုတို့၏ အကောင်းဆုံးဘောလုံးစွမ်းရည်များ ရရှိထားသူဟု သတ်မှတ်ခံထားရသူဖြစ်သည်။ ၂၀၀၉ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ပူပူနွေးနွေးရရှိထားသည်။ ဘာစီလိုနာကလပ်အား ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလား၊ စပိန်ဘုရင့်ဖလားနှင့် ကမ္ဘာ့ကလပ်ဖလားများ ရရှိအောင် စွမ်းဆောင်ပေးထားသူဖြစ်သည်။

စီရိုနယ်ဒို [တောင်ပံ(ဝဲ)]

မန်ယူအသင်းအား ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားများ ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ ပေါ်တူဂီတောင်ပံကစားသမားဖြစ်ပြီး ၂၀၀၈ခုနှစ်က အကောင်းဆုံးဘောလုံးသမားဆုရရှိခဲ့သည်။ လက်ရှိအချိန်၌ ရီးရဲမက်ဒရစ်ကလပ်တွင် ကစားနေပြီး တောင်ပံကစားသမားများ၌ အလွန်လျင်မြန်ပြီး ဂိုးသွင်းအားကောင်းသူဖြစ်သည်။

နစ္စတယ်ရွိုင်း(တိုက်စစ်မှူး)

ရှေ့တန်း၌ တစ်ဦးတည်းထိုးဖောက် ဂိုးသွင်းရာ၌ ထူးချွန်သူဖြစ်သည်။ ၂၀၀၁ ခုနှစ်၌ မန်ယူတွင်ကစားခဲ့သူဖြစ်ပြီး ယခုအခါ ရီးရဲမက်ဒရစ်၌ကစားနေသည့် နယ်သာလန်တိုက်စစ်မှူးဖြစ်သည်။ ဂိုးဧရိယာ ၁၈ ကိုက်အတွင်း အကျပ်အတည်းကြားမှ ဂိုးရအောင်သွင်းယူနိုင်သူဖြစ်သည်ဟု ESPN Soccernet က မှတ်ချက်ပြု ရွေးချယ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်

ပရီမီယာလိဂ်တွင် ကစားရသည်မှာ မလွယ်ကူဟု အာရှာဗင်ပြောကြား

လန်ဒန် ဒီဇင်ဘာ ၂၆

ရုရှားနှင့် အာဆင်နယ်တိုက်စစ်မှူး အင်ဒရီအာရှာဗင်က ပရီမီယာလိဂ်တွင် ဘောလုံးကစားရသည်မှာ ၎င်း ထင်ထားသည်ထက် ခက်ခဲမှုရှိကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အာရှာဗင်သည် ၂၀၀၉ခုနှစ် ဘောလုံးရာသီအစက ဇင်းနစ်စိန့်ပီတာစဘတ် အသင်းမှ အာဆင်နယ်အသင်းသို့ ရောက်ရှိခဲ့ပြီး ၂၇ပွဲယှဉ်ပြိုင်ကစားရာတွင် ၁၂ဂိုး သွင်းယူခဲ့ပြီးနောက် ပရီမီယာလိဂ် ပရိသတ်၏ အထူးအားပေးမှုကို ခံယူရရှိခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးတိုက်စစ်တွင် အားဖြည့်နိုင်ရေး နည်းပြ အန်ဆယ်လော့တီပြင်ဆင်လျက်ရှိ

လန်ဒန် ဒီဇင်ဘာ ၂၆

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီသည် တိုက်စစ်တွင် အားဖြည့်နိုင်ရေး လူငယ်တိုက်စစ်မှူး ဖာဘီယိုဘိုရီနီနှင့် ဒင်နီယယ်စတူရစ်ချ်တို့အား အထူးလေ့ကျင့်ပေးလျက်ရှိပြီး ပထမပွဲထွက် တိုက်စစ်မှူးများ အကြောင်းကြောင်းကြောင့် မပါဝင်နိုင်လျှင် အစားထိုးနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။

ချယ်လ်ဆီးမှ ဒရော့ဘာနှင့် ကာလူးတို့သည် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲအတွက် ဒီဇင်ဘာ ၂၇ရက်(**ယနေ့**)တွင် ၎င်းတို့၏ နိုင်ငံများသို့ ပြန်ကြမည်ဖြစ်ပြီး အနယ်လ်ကာမာမှ ဒဏ်ရာရထားသည်။

အသက် ၁၈နှစ်ရှိ ဘိုရီနီနှင့် အသက် ၂၀ရှိ စတူရစ်ချ်တို့သည် ချယ်လ်ဆီး အသင်းအတွက် ဂိုးသွင်းယူနိုင်ခြင်းမရှိသေးပေ။ သို့သော်လည်း အန်ဆယ်လော့တီက ၎င်းတို့နှစ်ဦးနှင့် ပတ်သက်၍ ယုံကြည်မှု အပြည့်အဝရှိကြောင်းပြောကြားသည်။

(အင်တာနက်)

ဖိလစ်ပိုင်လက်ဝှေ့ အကျော်အမော် ပက်ကွိုင်အော မေဝဲသားအား တရားစွဲဆိုမည်ဟုဆို

လန်ဒန် ဒီဇင်ဘာ ၂၆

ဖိလစ်ပိုင်လက်ဝှေ့အကျော်အမော် မန်နီပက်ကွိုင်အောက သွေးစစ်ဆေးမှုဖြင့် ပြဿနာဖြစ်ပွားစေခဲ့သော ဖလွိုက်မေဝဲသားဂျူနီယာအား ၎င်းအနေဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

တရားစွဲဆို

အမေရိကန်လက်ဝှေ့ကျော် မေဝဲသားဂျူနီယာက လာမည့် မတ် ၁၃ရက်တွင် ၎င်းနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် ပြိုင်ဘက်ပက်ကွိုင်အောအား ၎င်းတို့နှစ်ဦးစလုံး အမေရိကန်စနစ်အတိုင်း ပြိုင်ပွဲမတိုင်မီ ဆေးစစ်ဆေးမှုပြုလုပ်ကြရန် တောင်းဆိုခဲ့ပြီးနောက် ပက်ကွိုင်အောက ပြိုင်ပွဲကို ဖျက်သိမ်းပြီး ယခုကဲ့သို့ တရားစွဲဆိုရန် ပြောကြားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ထင်ကျော်ထက်-စုစည်းတင်ပြသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

အဂွီရိုအား အက်သလက်တီကိုက ပေါင်သန်း ၄၀ဖြင့် ရောင်းဖွယ်

အက်သလက်တီကို မက်ဒရစ်မှ အာဂျင်တီးနား တိုက်စစ်မှူး ဆာဂျီယိုအဂွီရိုအား ၎င်း၏အသင်းက မန်ယူ၊ မန်စီးတီးနှင့်ချယ်လ်ဆီးအသင်းများသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ဖြင့် ရောင်းချရန် ကမ်းလှမ်းလိမ့်မည်ဖြစ်ကြောင်း သည်မေရာ သတင်း၌ ဖော်ပြသည်။

ဂျွန်းစ်၊ ခရစ်နှင့် ဟတ်စကီးတို့ကို ဘင်နီတက်ဇ်ပစ်မှတ်ထား

လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ရာသီတွင် ဆန်းဒါးလန်းမှ ကီဝန်ဂျွန်းစ်၊ မန်စီးတီးမှ ရှော့ဆန်တာခရုဇ်နှင့်လီဗာပူးကစားသမားဟောင်း ဟတ်စကီးတို့ကို စာချုပ်ခေါ်ယူရန် လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပစ်မှတ်ထားနေသည်။

တိုက်စစ်မှူးတိုဆစ်အား မန်ယူထုတ်ရောင်းဖွယ်ရှိ

မန်ယူအသင်းသည် လွန်ခဲ့သော ဇန်နဝါရီလက ပေါင် ခုနစ်သန်းဖြင့် စာချုပ်ခေါ်ယူထားပြီး အသင်းနှင့်အတူ ပွဲမထွက်ရသေးသော အသက် ၂၂နှစ်ရှိ ဆားဘီးယားတိုက်စစ်မှူး ဇိုရန်တိုဆစ်အား လာမည့်၂၀၁၀ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ရာသီတွင် ထုတ်ရောင်းဖွယ်ရှိကြောင်း သည်မေရာသတင်းတွင် ဖော်ပြသည်။

မန်စီးတီးတိုက်စစ်အင်အား ပက်ဇ်ဇီနီဖြင့် ဖြည့်ဖွယ်

မန်စီးတီးအသင်းသည် စီးရီးအေအသင်း ဆမ့်ဒိုးရီးယားမှ တစ်ပွဲလျှင် ပျမ်းမျှ တစ်ဂိုးနှုန်းသွင်းယူထားသည့် အသက် ၂၅နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂီအမ်ပေါ်လို ပက်ဇ်ဇီနီဖြင့် တိုက်စစ်အင်အားကို ဖြည့်တင်းဖွယ်ရှိကြောင်း သည်မေရာသတင်း၌ ခန့်မှန်းသည်။

အပြောင်းအရွှေ့ရာသီ၌ တိုနီအား ချယ်လ်ဆီး ခေါ်ယူဖွယ်

ပြီးခဲ့သော ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်တွင် ဂိုးအများဆုံးသွင်းယူထားသည့် အသက် ၃၂နှစ်ရှိ တိုက်စစ်မှူးလူကာတိုနီအား လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ရာသီ၌ ခေါ်ယူဖွယ်ရှိကြောင်း၊ အာဖရိကဖလားပြိုင်ပွဲသို့ သွားရောက်ရမည့် ဒရော့ဘာ၏ နေရာတွင် အစားထိုးဖွယ်ရှိကြောင်း သတင်းတစ်ရပ်က ဆိုသည်။

ပီလာမှ ဂါဒနာအား ဂူလ်ဟာဟန်တန် ခေါ်ယူဖွယ်

ဂူလ်ဟာဟန်တန်အသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ရာသီ၌ အက်စ်တွန်ဗီလာအသင်းမှ ပေါင်သုံးသန်းတန် ကွင်းလယ်ကစားသမား ဂါဒနာအားခေါ်ယူဖွယ်ရှိပြီး ပထမ ပွဲထွက်ကစားသမားအဖြစ် တာဝန်ပေးဖွယ်ရှိကြောင်း သည်မေရာ၌ ဖော်ပြသည်။

တိုက်စစ်မှူး အန်ဂျန်းဟွန် ကမ္ဘာ့ဖလား၌ ဆင်နွှဲနိုင်ဖွယ်

တောင်ကိုရီးယားလက်ရွေးစင်အသင်း နည်းပြဟတ်ချ်ဂျန်မူက ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့သည့် အသက် ၃၃နှစ်ရှိ တိုက်စစ်မှူးအန်ဂျန်းဟွန်အား ၂၀၁၀ခုနှစ် တောင်အာဖရိက ကမ္ဘာ့ဖလားတွင် ပါဝင်ကစားရန်ရွေးချယ်ထားပြီး ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း အင်တာနက်သတင်း ၌ ဖော်ပြသည်။

အဲဗာတန်ခံစစ်မှူး ဂျာဂီလ်ကာ ဒဏ်ရာမှ သက်သာ

ပြီးခဲ့သည့် ဧပြီလက မန်စီးတီးနှင့်ယှဉ်ပြိုင်ကစားစဉ် ဒူးအရွတ်ဒဏ်ရာရရှိခဲ့သူ အဲဗာတန်ခံစစ်မှူး ဂျာဂီလ်ကာသည် ဒဏ်ရာမှ သက်သာလာပြီး မကြာမီအသင်းနှင့်အတူ ပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း အင်တာနက်သတင်းက ဆိုသည်။

ကမ္ဘာ့ဖလား၌ အင်္ဂလန်ရေပန်းစားဟု ဘောလက်ဆို

၂၀၁၀ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲရန်ရေပန်းစားသည့် အသင်းများထဲတွင် အင်္ဂလန်အသင်းလည်းပါဝင်ကြောင်း၊ ၁၉၆၆ ခုနှစ်က ကမ္ဘာ့ဖလားရရှိခဲ့ဖူးသည့် အင်္ဂလန်လက်ရွေးစင်အသင်းအား နည်းပြကာပယ်လိုအနေဖြင့် ၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဦးဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ဂျာမနီအသင်းခေါင်းဆောင် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဘောလက်က ခန့်မှန်းပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာအား အချိန်ပေးရန်လိုဟု လာပေါ်တာဆို

လွန်ခဲ့သော ၁၈လက ဘာစီလိုနာအသင်းနှင့် နှစ်နှစ်စာချုပ်ချုပ်ဆိုခဲ့သော နည်းပြဂွါဒီယိုလာအား အသင်းအောင်မြင်မှုဆက်လက်ရရှိရေးအတွက် ထပ်မံစာချုပ်ချုပ်ဆိုရေးမှာ အချိန်ပေးရန်လိုအပ်ကြောင်း ဘာစီလိုနာအသင်းပိုင်ရှင် လာပေါ်တာက ပြောကြားသည်။

ဟုချ်အားထုတ်ပယ်မှု လက်မခံနိုင်စရာဟု ဖာဂူဆန်ဆို

မန်စီးတီးအသင်းက မာ့ခ်ဟုချ်အား နည်းပြအဖြစ်မှ ရုတ်တရက်ထုတ်ပယ်လိုက်ခြင်းသည် လက်မခံနိုင်စရာလုပ်ရပ်ဖြစ်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ဝေဖန်လိုက်သည်။

နယ်စပ်နှင့်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း သာသနာပြုသင်တန်းကျောင်းနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာသုတေသနဓမ္မသဘင် ဇမ္ဗူသီရိဗိမာန်တော်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်၌ တည်ဆောက်ပြီးစီးခဲ့သည့် နယ်စပ်နှင့်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း သာသနာပြုသင်တန်းကျောင်းနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ သုတေသနဓမ္မသဘင် ဇမ္ဗူသီရိဗိမာန်တော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါဗိမာန်တော်ရှေ့မှခ်ဦး၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်တို့က ဖဲကြိုးဖြတ်၍ ဇမ္ဗူသီရိဗိမာန်တော်ကို ဖွင့်လှစ်ပေးကြသည်။

ပက်ဖျန်းပေး

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က မော်ကွန်းကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယပိုင်းအခမ်းအနားကို ဇမ္ဗူသီရိဗိမာန်တော် ပထမထပ်၌ ကျင်းပရာ အိုင်တီအဖွဲ့က ရွှေတိဂုံစေတီတော် ရောင်ခြည်တော်ပုံများနှင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အစချီ ဓမ္မသံစဉ်များကို ဖွင့်လှစ်၍ လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင်က ထူးမခြားနား သီချင်းခံ သုံးပိုဒ်ကို မင်္ဂလာရွှေစောင်းတော်နှင့် တွဲဖက်သီကျူး၍လည်းကောင်း ဗုဒ္ဓဘုရားရှင်အား ပူဇော်သည်။

သီလဆောက်တည်

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလ ဓောတိထံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး ကုသိုလ်အစုစုကို ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နယ်စပ်နှင့်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း သာသနာပြုသင်တန်းကျောင်းနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာ သုတေသန ဓမ္မသဘင် ဇမ္ဗူသီရိဗိမာန်တော် မော်ကွန်းကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ-၂၀၀၉ NIBBAN ELECTRIC & ELECTRONICS ပြခန်း ပြသ

ရန်ကုန် ဒီဇင်ဘာ ၂၆

IEMS Company Limited သည် ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ-၂၀၀၉ ကို ဒီဇင်ဘာ၂၄ရက်မှ စတင်ပြီး NIBBAN ELECTRIC & ELECTRONICS ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ခင်းကျင်းပြသလျက်ရှိသည်။

အထူးကောင်းမွန်

ပြပွဲတွင် Nibban က ပလတ်စတစ် မယ်လမင်းမှလွဲ၍ မျက်နှာပြင်ညီညာသော မည်သည့်အိုးအမျိုးအစားမဆို သုံး၍ရသည့် လျှပ်စစ်စွမ်းအင်ချွေတာပြီး မီးအားစား သက်သာသည့် အပူချိန်ကို လိုအပ်သလို ချိန်ညှိနိုင်ပြီး အန္တရာယ်ကင်းစွာအသုံးပြုနိုင်၊ ချက်၊ ကြော်၊ နွေး၊ Hot Pot လုပ်စား၍ ရသည့် Model (2) မျိုးရှိ Ks 55,000/ Ks 49,000 Warranty (1 year) နှင့် Interactive Video Game Ks 36,000/ Sport Game ရှစ်မျိုး၊ Video Game သုံးမျိုး ပါဝင်ပြီး Warranty (1 year)ဖြစ်သည်။ Karaoke Speaker & Amplifier အိမ်သုံးနှင့် Karaoke ဆိုင်များအတွက် အထူးသင့်လျော်သည့် အသံထွက် အထူးကောင်းမွန်ပြီး ရောင်းဈေး Ks 190,000- Warranty (1 year) ဖြစ်သည်။

အာမခံများပေးထား

၄င်းအပြင် Home Appliance အနေဖြင့် Washing Machine၊ Water Dispenser၊ Rice Cooker, Electric Kettle များကို အထူးဈေးနှုန်းဖြင့် ရောင်းချနေသည်။ Refrigerator အသစ်တစ်မျိုးကိုလည်း ထပ်မံမိတ်ဆက်သည့် အနေဖြင့် အထူးဈေးနှုန်း Ks 190,000 ဖြင့် ရောင်းချပေးနေသည်။ Audio Video Product အနေဖြင့် TV နှင့် 5.1, 2.1, 2.0, Professional Speaker များကို ရောင်းချပေးနေပြီး Nibban Electric နှင့် Electronic မှ ရောင်းချသောပစ္စည်းများကို အာမခံများ အသီးသီးပေးထားပြီး Service Centre အခိုင်အမာရှိသည်။

အခမဲ့

ပြပွဲတွင် Super Star Model Agency က ကုန်ပစ္စည်း သရုပ်ပြပွဲ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး IEMS Company အနေဖြင့် ဒီဇင်ဘာ ၂၄ရက်က NIBBAN အဝတ်လျှော်စက် ကံစမ်းမဲနံပါတ် ဝ၂၈၁၇၊ ဒီဇင်ဘာ ၂၅ရက်က NIBBAN အဝတ်လျှော်စက် ကံစမ်းမဲနံပါတ် ၂၁၁၅၆ နှင့် ဒီဇင်ဘာ ၂၆ရက်က NIBBAN အဝတ်လျှော်စက် ကံစမ်းမဲနံပါတ် ၁၁၀၇၄ တို့ဖြစ်ကြောင်းနှင့် ပြပွဲကို ဒီဇင်ဘာ၂၇ရက် အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ခင်းကျင်းပြသမည်ဖြစ်၍ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ-၂၀၀၉ ၌ NIBBAN ELECTRIC & ELECTRONICS ပြခန်းတွင် လာရောက်ကြည့်ရှုလေ့လာသူများ၊ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၂၀ ၈။ တေးဂီတအစီအစဉ်
- ၈း၃၀ ၉။ International News
- ၈း၃၅ ၁၀။ Crossroads Cafe (Episode-18) (Opportunity Knocks In)
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၅၈)
- ၁၂း၃၅ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **နိုးထခွင့်** နေထက်လင်း၊ ခိုင်သင်းကြည်၊ ဘုန်းလှျံ (ဒါရိုက်တာ-ဇော်ထွန်း)
- ၁၄း၄၀ ၇။ International News
- ၁၄း၄၅ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေ F.C နှင့် ဥဿာယူနိုက်တက် F.C)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ တစ်မျက်နှာ တစ်ကွက်စာ **ရုပ်ရှင်မေမေ** ကျော်ကျော်ပိုင်မှူး၊ အေသင်ချိုဆွေ၊ ဒေါ်ခင်ခင်ကြီး၊ ဝါဝါအောင် (ဒါရိုက်တာ- ဘုန်းမျိုးကျော်)
- ၆း၄၅ ၆။ ဖန်ခါးမြေမှ ရထားလမ်းသစ်
- ၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၃၃)
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၇၂)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာ ချစ်သံသာ** (အပိုင်း-၂၄)
- ၁၃။ **ရုပ်သံကြေယ်ပွင့်များ**

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရူပဗေဒ ကျောင်းသား/သူဟောင်းများ ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

၁၉၇၄-၇၈ စာသင်နှစ် ရူပဗေဒ ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး သစ်လုပ်ငန်းမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။

၁၉၇၄-၇၈ စာသင်နှစ်မှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုသိန်းဦး ဖုန်း-၀၉-၅၁-၀၂၀၆၉၊ ကိုအောင်ခိုင် ဖုန်း-၀၉-၅၀-၄၄၂၃၃၊ ကိုရဲအောင် ဖုန်း-၅၄၈၀၃၇၊ ၂၂၂၈၂၈၊ ကိုမျိုးအောင် ဖုန်း-၀၉-၅၀-၂၁၈၂၆၊ ၀၉-၈၀-၂၂၀၄၅၊ ကိုမျိုးမြင့်အောင် ဖုန်း-၅၅၆၄၈၉၊ ၅၄၉၃၉၃၊ ကိုတင်စိုး ဖုန်း-၂၉၉၄၃၃၊ ၂၉၃၂၁၅၊ ကိုခင်မောင်သန့် ဖုန်း-၀၉-၅၂-၀၀၇၁၂၊ ကိုစောဝင်း ဖုန်း-၀၉-၅၀-၀၉၀၅၃၊ ကိုမြင့်နောင် ဖုန်း-၀၉-၅၁-၉၇၅၇၀၊ မဆန်းသစ်မေ ဖုန်း-၂၉၆၇၀၄၊ မအောင်စီ ဖုန်း-၂၉၀၅၄၉၊ ဒေါက်တာမြမြသန်း ဖုန်း-၃၇၅၁၀၀နှင့် မန္တလေးအေး ဖုန်း-၇၀၅၁၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

တောင်ကြီးကောလိပ် (၁၉၆၁-၁၉၇၄) ကျောင်းသား ကျောင်းသူဟောင်းများ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

တောင်ကြီးကောလိပ် (၁၉၆၁-၁၉၇၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝိုင်အမ်စီအေခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို "နောင်မညီးသောအရိပ် တောင်ကြီးကောလိပ်" သီချင်းဖြင့် ဖွင့်လှစ်သည်။

ကန်တော့

ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာမကြီးဒေါ်အုန်းမေ အပါအဝင် ဆရာ ဆရာမကြီး ၇၅ဦးတို့အား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ကန်တော့ကြသည်။

ဆက်လက်၍ ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်စောကြိုင်နှင့် ဆရာကြီး ဦးစိုင်းအောင်ထွန်းတို့က ဆုံးမဩဝါဒစကား ပြောကြားကြသည်။

ဂုဏ်ပြုစကားပြော

ယင်းနောက် ကျောင်းသား ကျောင်းသူဟောင်းများက ငွေစာရင်းရှင်းတမ်း ဖတ်ကြားခြင်း၊ ကျေးဇူးတင်စကား ပြောကြားခြင်းနှင့် ဂုဏ်ပြုစကားပြောကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တောင်ကြီးကောလိပ် (၁၉၆၁-၁၉၇၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝိုင်အမ်စီအေခန်းမ၌ကျင်းပရာ ဆရာ ဆရာမကြီး ၇၅ဦးတို့အား ကျောင်းသား ကျောင်းသူဟောင်းများက မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ကန်တော့ကြစဉ်။

(သတင်းစဉ်)

ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့
ဦးထွန်းမောင်-ဒေါ်ကျင်အေးတို့၏ သားလတ်
ဒေါက်တာဝင်းထွန်း
M.B.,B.S, I.D.C.S, EMBA (Final Term)
(အောင်ရတနာအထူးကုဆေးခန်း)
နှင့်
ရန်ကုန်မြို့နေ
(ဦးကြည်ဝင်း)-ဒေါ်လှဌေးတို့၏ သမီးငယ်
မကေသီအောင်
B.A(Myanmar),M.C.S.A, M.C.S.E,
Dip in Network Engineering (Final)

တို့သည် ၂၆-၁၂-၂၀၀၉ရက်(စနေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဒေါက်တာဝင်းထွန်း-မကေသီအောင်။

(၁၁)နှစ်ပြည့် မွေးနေ့ဆုတောင်း

ဒီဇင်ဘာ(၂၇)ရက်တွင် ကျရောက်သော သမီးကြီး **မအိဖြူဇင်(ခ)သူသူ** [အထက-၂၊သန်လျင်၊ Grade-6 (A)]၏ (၁၁)နှစ်ပြည့် မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင် ချစ်သော မိသားစုနှင့်အတူ ဘဝခရီးကိုပျော်ရွှင်စွာ လျှောက်လှမ်းနိုင်၍ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်-

ချစ်ဘိုးဘိုးနှင့်ဘွားဘွားများ
ချစ်ဖေဖေ-ဦးကျော်ထင်
(ဒုတိယတိုင်းဦးစီးမှူး၊တိုင်းမြေစာရင်းဦးစီးဌာန၊ ရန်ကုန်တိုင်း)
ချစ်မေမေ-ဒေါ်ဝင်းမေ
ချစ်ညီမလေး-မအေးချမ်းသူ(ခ)ဘုတ်ဘုတ်
[အထက-၂၊သန်လျင်၊ **Grade-3(A)**]





ကျေးရူးဆပ်ပါမည်

ကျွန်တော် မောင်နိုင်နိုင်လွင် ၁၂/ရပသ(နိုင်)၀၄၂၈၀၃၏ နိုင်ငံကူးလက်မှတ် အမှတ်-၆၀၀၅၅၉သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိကပေးပို့ပါရန်။ **ဖုန်း-၀၉-၅၀-၈၄၃၂၀။**



အမည်ပြောင်း

တနင်္သာရီတိုင်း၊ ပုလောမြို့နေ ဦးအေးသန်း-ဒေါ်တင်ဆန်းတို့၏သမီးများဖြစ်ကြသော အလက၊ ပုလောမြို့ သတ္တမတန်း(ဘီ)မှ မအေးသန်းဖြိုးအား မဆုပြည့်ဖြိုးဟု လည်းကောင်း၊ သူငယ်တန်း(ဘီ)မှ မဆုမြတ်ဝေအား မခိုင်ဆုဝေဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မဆုပြည့်ဖြိုး၊ မခိုင်ဆုဝေ။

စာရေးဆရာအီကြာကွေး(ခ)ဦးကျော်ထွန်း၏ စာပေမူပိုင်ခွင့်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၇၆၅နေ ကွယ်လွန်သူ စာရေးဆရာ အီကြာကွေး(ခ)ဦးကျော်ထွန်း(ခ) ခနုဖြူကျော်ထွန်း သက်ရှိထင်ရှားရှိစဉ်ကရေးသားခဲ့သော စာပေဆိုင်ရာစာမူများ၊ စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၊ အမည်နာမနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အခွင့်အရေးမူပိုင်ခွင့်များကို ဆရာကြီး၏ဆက်ခံသူသားတပည့် ဦးဇော်မင်းထွန်း ၈/ပခက(နိုင်) ၁၇၂၃၂၇၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း မပြုလုပ်ကြပါရန်နှင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ထုတ်ဝေခြင်းပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော် (LL.B,D.B.L,D.I.L)
တရားရုံးချုပ်ရှေ့နေ

ဦးသန်းဦး(LL.B)
အထက်တန်းရှေ့နေ
(၁/၂၃)၊ ဘူတာရုံလမ်း၊
ပြည်သာယာအဆင့်မြင့်အိမ်ရာ၊
၁၆ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။

ဦးသာဖြိုးညဏ်(LL.B)
အထက်တန်းရှေ့နေ
အမှတ် ၄၆၊ ပထမထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးမျိုးခိုင်ဇော်(ခ) ဦးမျိုးခန့် မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၁၀၃၆၃၆နှင့် ကျွန်မဒေါ်ပန်းအိဖြူ မှတ်ပုံတင်အမှတ် ၁၂/ခရန(နိုင်) ၀၉၀၈၈၈တို့သည် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းနွယ်ရှေ့တွင်၂၄-၁၂-၂၀၀၉ရက်၌ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးမျိုးခိုင်ဇော်(ခ)ဦးမျိုးခန့်
၁၂/တမန(နိုင်)၁၀၃၆၃၆။



ကျောက်ကြီး၌ ကျေးလက် မြေသားလမ်းခင်း

ကျောက်ကြီး ဒီဇင်ဘာ ၂၆

ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း စီမံကိန်းအရ ဆောင်ရွက်သော ထန်းလေးပင်-အရှေ့စု၏ မြေသားလမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြတ်စိုးတို့က ဒီဇင်ဘာ ၁၂ရက်တွင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဗိုလ်မှူးစန်းလွင်(ငြိမ်း) (ကျုံမငေးမြို့)အား ရည်စူး၍ သာကေတမြို့နယ် ရတနာပုံ (၅)လမ်းနေ မိခင်ဒေါ်မြသွင်၊ ဇနီး ဒေါ်မြင့်မြင့်မေနှင့် သားသမီးများက တစ်နှစ်ပြည့် အလှူအဖြစ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈စီ၊ မြေကွက်အမှတ် ၈၁/၂၉၊ ဧရိယာ ၀ဒသမ၀၂၈ဧကရှိသော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ်ရိပ်သာ(၂)လမ်း၊ အမှတ်(၇)ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွှယ်ပတ်သက်သည့်အကျိုးခံစားခွင့်များကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသော ဦးသိန်းမြိုင် ၁၂/လမန(နိုင်)၀၈၃၆၅၂နှင့် ဒေါ်ခင်ခင်ကြူ ၁၂/လမန(နိုင်)၁၁၃၇၈၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်အမှတ်၁၀/၁၂၊
ပထမထပ်၊(အေ-၅)၊၃၅လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးစောဟားနေနှင့် စည်ပင်သာယာရေး ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အထက(၁)မြောက်ဥက္ကလာပ
နှစ်(၅၀)ပြည့် ရွှေရတုသဘင်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (၁၉၅၉-၂၀၀၉)နှစ်(၅၀)ပြည့် ရွှေရတုသဘင်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉နာရီက ကျောင်းရှေ့မုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာမင်္ဂလာအချိန် နံနက် ၈နာရီ ၁၀မိနစ်တွင် နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကို အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးကြည်သန်း၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းရွှေ၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖတ်ကြား

ယင်းနောက် ၁၉၅၉ခုနှစ်တွင် ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဦးမင်းဒင် ရုပ်တုဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေရတုပွဲတော် ကျင်းပရေး နာယက ဦးချိုအေး (ACA)က ဆရာကြီး ဦးမင်းဒင်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် နာယက ဦးဘမြင့်တို့က ဖဲကြိုးဖြတ်ကာ ကျောင်းသားဟောင်း ကိုးဦးနှင့် ထူးချွန်ကျောင်းသားကိုးဦးတို့က ရွှေကြိုးဆွဲ၍ ရုပ်တုကို ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်ပေး

ယင်းနောက် ကျပ်သိန်း ၈၀ကျော်တန် ရွှေရတု ရေစင်ကြီးဖွင့်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းထံ ရွှေရတုရေစင် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ရေစင်ကြီးနှင့် ပတ်သက်သော စာရွက် စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ပညာရေးမှူးနှင့် နာယက ဦးချိုအေး (ACA)တို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးသည်။

ဟောပြော

ဆက်လက်၍ ရွှေရတုသဘင် ပြပွဲပြခန်းများကို ကျင်းပရေးအဖွဲ့ဝင် ဦးကျော်လှ၊ ဆရာမဒေါ်လှလှဝင်းနှင့် ဆရာဦးလှသွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာ နန္ဒာသိန်းဇံ၊ ချစ်နိုင်(စိတ်ပညာ)၊ ချစ်စံဝင်းနှင့် ကျိုက်လတ်မိုးမြင့်တို့က ဟောပြောကြသည်။ **(မြန်မာ့အလင်း)**

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုဖိုး

ဘိုကလေး အလက(၁)
မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်း ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်း ကျောင်းဆောင်သစ်၌ ဘိုကလေးမြို့နှင့် ရန်ကုန်မြို့ရှိ ကျောင်းသား ကျောင်းသူဟောင်းများအလှူငွေ၊ အလက(၁) ပင်မငွေပဒေသာပင်၊ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ငွေပဒေသာပင်နှင့် သီးခြား ကျောင်းသားကျောင်းသူဟောင်းများ၏ အလှူငွေများဖြင့် မတည်ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီခွဲတွင် အရဏ်ဆွမ်း လောင်းလှူပွဲနှင့် ညနေ ၃နာရီတွင် ဆရာကန်တော့ပွဲကို ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ပူဇော်ကန်တော့ပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေတက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိန်မြိုင် ဖုန်း-၀၉-၅၀၃၇၅၅၉၊ ဦးမောင်အေး ဖုန်း-၀၉-၅၀၀၇၃၁၂၊ ဦးနေဦး ဖုန်း-၀၉-၉၈၂၅၆၃၈နှင့် ဦးအုန်းမြင့် ဖုန်း-၀၉-၅၀၉၃၄၈၁ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သာကေတ အမက(၄၂)၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၀ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မိက သူငယ်တန်း၌ ပထမဆုရရှိသူ မောင်ဝေလင်းဖြိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၃၅)

မကွေး၌ မိုးရာသီဘဏ်ချေးငွေ ပြန်လည်ကောက်ခံရေးညှိနှိုင်း

မကွေး ဒီဇင်ဘာ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မကွေးတိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲများမှ တောင်သူများစိုက်ပျိုးချိန်အမီ ထုတ်ချေးပေးခဲ့သော ၂၀၀၉ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကျပ် ၈၁၉၆ဒသမ ၁၈သန်းအား သီးနှံပေါ်ချိန်မှ စတင်ကောက်ခံပြီး သတ်မှတ်ရက်အတွင်း ပြေကျေစွာကောက်ခံရရှိရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၅ရက်က မကွေးတိုင်းဘဏ်ခွဲ၌ကျင်းပရာ ရှေးဦးစွာဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက သတ်မှတ်ချိန်အတွင်း တိုင်းလုံးကျွတ်ပြန်လည်ကောက်ခံရရှိရန်၊ အတိုးအပြည့်အဝ ရရှိရန်နှင့် အလွဲသုံးစားမှု မရှိစေရန်တို့အတွက် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် မကွေးတိုင်းမန်နေဂျာ ဒေါ်ခင်အေးမြင့်နှင့် မြို့နယ်မန်နေဂျာများက ချေးငွေများပြန်လည်ကောက်ခံမည့် အစီအစဉ်များ၊ လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(မကွေးကိုယ်ပွား)**

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၁၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၀ရက် (စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက်မိတ်ဆွေများအားလုံး တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက ဒေါက်တာလွင်လွင်စိုး (ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀၂၄၁၉၄၊ ဒေါ်တင်တင်ရှု(DEPT) ဖုန်း-၅၅၇၃၀၉၊ ဦးအေးကြိုင်(ဦးစီး-၁) ဖုန်း-၅၅၇၆၄၃၊ ၀၉-၈၅၀၀၄၇၉၊ ဦးစံထိုက် (ဦးစီး-၂)ဖုန်း-၀၂-၃၉၂၈၉၊ ဦးကျော်ဝင်းမြင့်(ဦးစီး-၃)ဖုန်း-၂၁၀၀၂၆၊ ဒေါ်ကြူကြူရွှေ(ဦးစီး-၃) ဖုန်း-၅၅၄၉၆၄ (အိမ်)၊ ဦးရှိန်းလိန်းအောင် ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း- ၅၄၂၃၇နှင့် ဒေါ်ခင်သန်းထွေး ဖုန်း-၂၉၃၃၆၃တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းနှင့် ငွေပဒေသာပင် ရွှေပြည်သစ်စာကြည့်တိုက်သို့ စိုက်ထူလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ရွှေပြည်သစ် စာကြည့်တိုက်သို့ စာအုပ်စာစောင်၊ မဂ္ဂဇင်းနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြန်ကြားရေးဌာနကြီးအဖွဲ့ခေါင်းဆောင် ဒေါ်စိုးဝတ်ရည်နှင့် အဖွဲ့ဝင်များက စာအုပ်စာစောင်၊ မဂ္ဂဇင်း၁၂၀၀နှင့် ငွေပဒေသာပင်ကျပ် သုံးသောင်းကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးအောင်နိုင်ဝင်းက လက်ခံယူသည်။ **(အောက်ပုံ)**

တက်ရောက်

ဆက်လက်၍ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူလေးများအား နှုတ်ဆက်အားပေးခဲ့သည်။ အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မန္တလေးတက္ကသိုလ် ပထဝီဝင်မိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၆

မန္တလေးတက္ကသိုလ် ပထဝီဝင် မိသားစုများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီမှ ၄နာရီအထိ မန္တလေးဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံစားပွဲကိုလည်း ယင်းနေ့ ညနေ ၆နာရီတွင် အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ကျင်းပရေးကော်မတီနာယက ဒေါက်တာနေဝင်း ပါမောက္ခဌာနမှူး ပထဝီဝင်ဌာန မန္တလေးတက္ကသိုလ် ဖုန်း-၀၂-၂၁၀၅၈၊ ဥက္ကဋ္ဌ ဦးစန်းမြင့် ပါမောက္ခ (ငြိမ်း) ဖုန်း-၀၉-၈၇၄၂၅၂၂၊ ၀၂-၇၂၄၉၂၊ အတွင်းရေးမှူး ဦးလှိုင်ဝင်း ကထိက(ငြိမ်း) ဖုန်း-၀၉-၂၀၀၅၈၉၄၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်ရွှေဝင်း ဖုန်း-၀၉-၅၀၀၁၈၉၄၊ ၀၂-၃၈၆၉၃၊ ဒေါ်နုနုလှ ဖုန်း- ၀၉-၂၀၀၁၂၆၀၊ ၀၂-၆၂၈၁၄၊ ဒုတိယဥက္ကဋ္ဌဒေါက်တာဝင်းဆွေ ပါမောက္ခ ပထဝီဝင်ဌာန မန္တလေး တက္ကသိုလ်ဖုန်း-၀၂-၂၁၀၃၁၊ တွဲဖက် အတွင်းရေးမှူး(၁) ဦးအောင်နိုင် ဖုန်း-၀၉-၆၉၇၁၁၄၅၊ တွဲဖက်အတွင်း ရေးမှူး(၂) ဦးစိုးလှိုင်ဦး ဖုန်း-၀၉-၂၀၁၃၂၃၅၊ စာရင်းစစ် ဦးမြင့်ဆွေ ဖုန်း-၀၉-၆၈၀၂၄၅၃၊ ၀၂-၇၀၁၆၅နှင့် ဦးမျိုးဆွေဝင်း ဖုန်း-၀၉-၆၅၀၀၃၅၃၊ ၀၉-၅၁၈၈၃၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဟုမ္မလင်း စည်ပင်သာယာ ကျေးလက်လမ်း ကျောက်ချောခင်း

ဟုမ္မလင်း ဒီဇင်ဘာ ၂၄

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းလုပ်ငန်းတွင် ဟုမ္မလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မန်းမော်-နာနှုံးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) (သစ်ကြိမ်း-ထုံးဘိုကြီး) လမ်းပိုင်းရှိ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော ကရင်ချောင်းသစ်သားတံတား ကြံ့ခိုင်ကောင်းမွန်မှုရှိ မရှိကို ဒီဇင်ဘာ ၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး လှိုင်မြို့နယ်တွင် ဟောပြောသရုပ်ပြ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန၏ဦးဆောင်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုတို့ဖြင့် လှိုင်မြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဆပ်ပြာစက်ရုံအမှတ်(၂)ရှိ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၇ရက် နံနက်ပိုင်းက အဆိုပါစက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် စက်ရုံမှူးဦးအောင်သူက အဖွင့်အမှာစကားပြောကြားပြီး လှိုင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်နိုင်က မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြောကာ ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့ သရုပ်ပြခဲ့သည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

အထက(၄)ကြည့်မြင်တိုင် အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

အထက(၄) ကြည့်မြင်တိုင်တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲကျင်းပမည်ဖြစ်ရာ ပါဝင် လှူဒါန်းလိုသူများဆက်သွယ်ရန် ဦးခင်ဇော်(ကျောင်းအုပ်)ဖုန်း-၂၂၀၄၀၈၊ ကိုယဉ်ထွေး ဖုန်း-၀၉-၅၁၆၂၄၃၈၊ ကိုညီညီမြင့်မြတ် ဖုန်း-၀၉-၅၁၈၈၅၁၅၊ ၅၁၃၀၃၃၊ ကိုကဲဆာ ဖုန်း-၂၁၀၈၁၅၊ ၀၉-၅၁၃၉၂၃၃၊ မနှင်းသန္တာလှိုင် ဖုန်း-၂၂၇၂၆၉၊ ၂၂၉၇၂၈၊ နေထွန်းဝမ် တစ်ဆင့်ဖုန်း-၅၁၂၆၃၅၊ ၀၉-၅၀၉၀၁၂၉နှင့် စိုးထက် ဖုန်း-၂၁၅၁၇၆၊ ၀၉-၅၁၂၉၁၅၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဈေးမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးမျိုးဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ တတိယတန်း ပထမဆုရ မယမင်းဥမ္မာအားကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်ကွင်းဆင်း၍ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင်ပြသခြင်း၊ ဟောပြောပွဲကျင်းပခြင်းကို ဒီဇင်ဘာ ၂၂ ရက်က အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေးက စံ(၅)ချက်နှင့် ပြည့်စုံသည့် စာကြည့်တိုက် ဖြစ်ပေါ်လာရေး၊ စာအုပ်၊ စာစောင်များနှင့် စာဖတ်သူများ တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

အိမ်တွင်းမှုသင်တန်းဆင်းပွဲ ကော့သောင်း၌ ကျင်းပ

ကော့သောင်း ဒီဇင်ဘာ ၁၂

ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၄/၂၀၀၉)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၅၃/၂၀၀၉) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၄ရက် နံနက် ၈နာရီက အေးမြကန်သာရပ်ကွက်ရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးနေလင်းနှင့် ဇနီးဒေါ်နွယ်နီထွန်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော့သောင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘောက်နန်နှင့်အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ထွန်းလှက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကျန်းမာရေးဆိုင်ရာ အသိပေးဆွေးနွေးပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကျန်းမာရေးဦးစီးဌာန မိခင်ကလေးကျန်းမာရေးဌာနစိတ်နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေး အသိပေးဆွေးနွေးပွဲနှင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၆ရက် နံနက် ၉နာရီက ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အစီအစဉ်အရ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန မိခင်ကလေးကျန်းမာရေးဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနှင်းနှင်းလွင်က မိခင်ကလေးကျန်းမာရေးဆိုင်ရာ လက်ရှိအခြေအနေနှင့် ရှေ့လုပ်ငန်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအောင်ကြည်ဆွေက ကျွမ်းကျင်သူနှင့်မွေးဖွားခြင်းအကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။**(အပေါ်ပုံ)** အဆိုပါသင်တန်းသို့ ကျန်းမာရေးဝန်ထမ်း သင်တန်းသား ၇၅ဦး တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်ဆိုင်းဘုတ်နှင့်လမ်းဘေးဝဲယာ မြေယာရှုခင်းအလှဆောင်ရွက်ထားမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မတူပီစည်ပင်သာယာ ကျောက်ချောခင်း

မတူပီ ဒီဇင်ဘာ ၁၂

ချင်းပြည်နယ် မတူပီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သည့် လူငယ်သင်တန်းကျောင်းအထွက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ဒီဇင်ဘာ ၇ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေးသည်။

(ပြည်နယ် ပြန်/ဆက်)

နေကြာစုပေါင်းစိုက်ပျိုးပွဲ ကျောင်းကုန်း၌ကျင်းပ

ကျောင်းကုန်း ဒီဇင်ဘာ ၂၀

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စု မီးသွေးတိုက်ကျေးရွာ တောင်သူဦးစိန်ထွန်း၏ လယ်မြေကွင်းအမှတ်(၄၂၉-B) ဦးပိုင်အမှတ် (၄၆/၂) ဧရိယာသုံးဧကရှိ နေကြာစုပေါင်းစိုက်ပျိုးပွဲကို ဒီဇင်ဘာ၁၃ရက် နံနက် ၇နာရီက ကျင်းပသည်။

*နေကြာစိုက်ပျိုးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာတောင်သူများ စုပေါင်း၍ ပါဝင်စိုက်ပျိုးကြသည်။ **(အောက်ပုံ)**ဆက်လက်ပြီး နေကြာစိုက်ပျိုးပွဲများကို ကျေးရွာအလိုက် စိုက်ပျိုးသွားမည်ဟု သိရသည်။*

(မြို့နယ် ပြန်/ဆက်)

သုတဥယျာဉ်စာကြည့်တိုက်ပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ပန်းတနော်၌ကျင်းပ

ပန်းတနော် ဒီဇင်ဘာ ၆

ပန်းတနော်မြို့နယ် ကဇင်ငူကျေးရွာအုပ်စု ရွာသစ်ကျေးရွာ သုတဥယျာဉ် စာကြည့်တိုက် ပန္နက်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက် ၉နာရီက စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့်ကဇင်ငူဥက္ကဋ္ဌ ဦးညွှန့်ဟန်တို့က ပန္နက်ရိုက်ပေးကြသည်။

လှူဒါန်းငွေ ပေးအပ်

ဆက်လက်၍အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဦးက အမှာစကားပြောကြားပြီး**(အပေါ်ဝဲပုံ)** မြို့နယ်ဦးစီးမှူးဒေါ်တင်တင်လှိုင်က သတ်မှတ်ထားသော အချိန်အတွင်း ဆောက်လုပ်ပြီးစီးရေးဆွေးနွေးတင်ပြသည်။ ထို့နောက် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများမှ လှူဒါန်းငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်းမြန်မာ့စီးပွားရေးဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

ပဲခူး ဒီဇင်ဘာ ၁၈

ပဲခူးတိုင်း မြန်မာ့စီးပွားရေးဘဏ်တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ရှေ့လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆွေးနွေးမှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၄ရက် နံနက် ၉နာရီက ပဲခူးတိုင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ် ပဲခူးတိုင်း တိုင်းမန်နေဂျာ ဦးသိန်းဖေက ရှေ့လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည်။ **(ယာပုံ)**

ရှင်းလင်းဆွေးနွေး

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) စာရင်းဌာန၊စက်မှုငွေချေးဌာနနှင့် ငွေစုဘဏ်လုပ်ငန်းဌာန၏ မှာကြားချက်များကို ဒုတိယတိုင်း မန်နေဂျာ ဦးစိန်မြင့်က ဖတ်ကြားရှင်းလင်း၍ ဘဏ်ခွဲများ၏ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဒုတိယတိုင်း မန်နေဂျာ ဒေါ်ငွေငွေမြင့်က ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဘဏ်ခွဲများအလိုက် လုပ်ငန်းဆိုင်ရာကိစ္စများရှင်းလင်းဆွေးနွေးကာ တိုင်းမန်နေဂျာက ဆွေးနွေးချက်များအပေါ် ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့်သာယာဝတီခရိုင်တို့မှ အရာထမ်းများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပုလဲမြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံးသို့ စာအုပ်စင်ပေးအပ်လှူဒါန်း

ပုလဲ ဒီဇင်ဘာ ၁၄

မုံရွာခရိုင် ပုလဲမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ အလျှူရှင်စခန်းမှူး ရဲအုပ်လှဦးနှင့် ဇနီးဒေါ်လှလှထွေးတို့ကပုလဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ငွေကျပ်ငါးသောင်းတန်ဖိုးရှိ စာအုပ်စင်တစ်လုံးပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၆ ရက်က မြို့နယ်ရုံးတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

လှူဒါန်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်ထွန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးလှိုင်နှင့် မြို့နယ်ရုံးဝန်ထမ်းများ တက်ရောက်ကြပြီး အလှူရှင် စခန်းမှူး ရဲအုပ်လှဦးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

လက်ခံ

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်က ကျေးဇူးတင်စကား ပြောကြားပြီး စာအုပ်စင်ကို လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

တာယာစက်ရုံဟောင်းနှင့် စက်ရုံသစ် နိုင်ငံတော်၏ တာယာလိုအပ်ချက်များ ထုတ်လုပ်ဖြည့်ဆည်းပေး တာယာပစ္စည်းတစ်မျိုးကိုသာ ထုတ်လုပ်မနေဘဲ ရော်ဘာနှင့်ဆက်စပ်ပစ္စည်းများ တီထွင်ကြံဆထုတ်လုပ်

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ရော်ဘာတိုးချဲ့စိုက်ပျိုးရန် မြေများစွာကျန်ရှိနေရေရှည် မည်သို့တိုးချဲ့စိုက်ပျိုးမည်ကို စီမံချက်ချ၍ ပြည်သူနှင့်ပူးပေါင်းပြီးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၆

ရန်ကုန်မြို့သို့ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ် (၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု စက်ရုံ စီမံကိန်း (ဘီးလင်း) ၏ ထုတ်လုပ်မှု ဆိုင်ရာ အဆောက်အအုံအတွင်း စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

27-12 (20).pmd 1 12/27/2009, 2:45 AM